ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ တနင်္လာနေ့၊ (17-1-2005) (၄၄၈၁)

၂၀၀၅ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်

စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့တွင်ကျင်းပ

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တက်ရောက်အားပေး

ယနေ့ ကျင်းပသည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အောင်မြင်အောင် တည်ဆောက်နိုင်သည့် အောင်ပွဲ တစ်ရပ်ကို သက်သေထူနိုင်သည့် ပွဲတော်တစ်ရပ်ဖြစ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့၌ ကျင်းပသော ၂၀၀၅ခုနှစ် နာဂရိုးရာ နှစ်သစ်ကူး ပွဲတော် အခမ်းအနားတွင် နာဂရိုးရာ ယဉ်ကျေးမှုဗဟိုကော်မတီ နာယက ဦးလုဖေက နာဂရိုးရာဓားမြှောင်ကို လွှမ်းခြုံပေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဇန်နဝါရီ ၁၅ရက် နံနက် ၈နာရီခွဲတွင် စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့ရိုးရာအားကစားကွင်း၌ ကျင်းပသည့် ၂၀၀၅ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို တက်ရောက်အားပေးပြီး နာဂတိုင်းရင်းသားအကြီးအကဲများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

တက်ရောက်အားပေး

၂၀၀၅ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ သာသနာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကို၊ အမှတ်(၂) စစ်ဗျူဟာအဖွဲ့ အခြေချ ခန္တီးစစ်ဗျူဟာမှူးဗိုလ်မှူးကြီးမင်းဆွေ၊ လဟယ်မြို့နယ်မြေခံတပ်ရင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးရှုစံကြူး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခန္တီးခရိုင်နှင့် ခန္တီး၊ လဟယ်၊ လေရှီး၊ နန်းယွန်း၊ ဟုမ္မလင်းမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အသင်းဝင်များ၊ နာဂရိုးရာယဉ်ကျေးမှုဗဟိုကော်မတီဝင်များ၊ ပွဲတော်ကျင်းပရေးကော်မတီဝင်များ၊ နာဂတိုင်းရင်းသားအကြီးအကဲများ၊ ခန္တီး၊ ဟုမ္မလင်း၊ လေရှီး၊ နန်းယွန်း၊လဟယ်နှင့် တမူးမြို့နယ်တို့မှ နာဂမျိုးနွယ်စု တိုင်းရင်းသား ကိုယ်စားလှယ်များ၊ လဟယ်မြို့နယ်နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ နာဂတိုင်းရင်းသားများ၊ နာဂရိုးရာယဉ်ကျေးမှုအကအဖွဲ့ဝင်များ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအသင်း ဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များနှင့် နိုင်ငံပေါင်းစုံမှ ကမ္ဘာလှည့်ခရီးသည် ၁၀၀တို့ တက်ရောက်အားပေးကြသည်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားတွင် သဘာပတိအဖြစ် နာဂရိုးရာယဉ်ကျေးမှု

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နာဂရိုးရာမီးပုံပွဲ

ခန္တီးခရိုင်လဟယ်မြို့၌ ကျင်းပသော ၂၀၀၅ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် မီးပုံပွဲတွင် နာဂရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

Internet 1 1/1/32, 13:35

ကြေးမုံ
The Mirror
၁၇-၁-၂၀၀၅
(တနင်္လာနေ့)

နိုင်ငံနှင့်လူမျိုးအကျိုးစီးပွား ဖော်ဆောင်မြှင့်တင် စွမ်းဆောင်ရည်နှင့် ပြည့်စုံစေရေး လေ့ကျင့်ပျိုးထောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် လူမှုရေးဦးတည်ချက်(၄)ရပ်ပါ **"တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"**အတွက် ပညာရေးကဏ္ဍ၌ အမျိုးသားပညာရည်မြင့်မားရေး အစီအမံများကို စဉ်ဆက်မပြတ် ချမှတ် ဖော်ဆောင်လျက်ရှိသည်။

ယနေ့အချိန်အခါသည် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍအားလုံးကို ပညာရေးကဏ္ဍက လွှမ်းမိုးနေသည့် ကာလဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော် တည်ဆောက်ကာကွယ်ရာတွင် ပဓာနကျသည့် အမျိုးသားရေးစွမ်းအားများ အသီးသီး ပြည့်ပြည့်ဝဝ ဖြစ်ထွန်းလာစေရအောင် စနစ်တကျ ဖြည့်ဆည်းပေးရေးသည် ပညာရေးကဏ္ဍက အလေးထားကြိုးပမ်းဖော်ဆောင်ရမည့် အမျိုးသားရေးတာဝန်ပင်ဖြစ်သည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပသည့် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်း အမှတ်စဉ် (၅၆) သင်တန်းဖွင့်ပွဲသို့ တက်ရောက်ပြီး အမှာစကားပြောကြားရာ၌ အမျိုးသားရေး စွမ်းအားများနှင့်စပ်လျဉ်း၍-

"မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်ဖြင့် ပေါင်းစည်းဖြစ်တည်နေသည့် ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံအဖို့ အမိနိုင်ငံတော်ကြီးကို နိုင်ငံတကာ့အလယ်တွင် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ရင်ပေါင်တန်းရပ်တည်နိုင်စေရန်အတွက် တည်ဆောက်ကာကွယ်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှု၊ နည်းပညာတိုးတက်ဖြစ်ထွန်းမှု၊ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုစသည့် အမျိုးသားရေးစွမ်းအားများ ပြည့်ဖြိုးခိုင်မာစေရန် အထူးလိုအပ်လျက်ရှိကြောင်း" ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များ ပြည့်ပြည့်ဝဝ အောင်အောင်မြင်မြင် အကောင်အထည်ဖော် စွမ်းဆောင်ပေးနိုင်စေရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်ကို ချမှတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုများနှင့် တစ်ပြေးညီ မိမိနိုင်ငံအတွင်း ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက် ထွန်းကားပြန့်ပွားစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အသိပညာရှင်၊ အတတ်ပညာရှင်များ ဘက်စုံကဏ္ဍစုံ၌ စဉ်ဆက်မပြတ် တိုးတက်ပေါ်ထွန်းနေစေရန် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့် ပညာကဏ္ဍတို့ကို ဟန်ချက်ညီညီ ချိတ်ဆက်ဆောင်ရွက်နေသည်။

ထို့ပြင် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံကြီးတစ်ခုလုံးကို **"အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ"** ဟူသည့် ဆောင်ပုဒ်နှင့် လျော်ညီစွာ အမျိုးသားပညာရေးမြှင့်တင်မှု အစီအမံများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းမြှင့်တင်ပေးလျက်ရှိသည်။

ထိုသို့ နိုင်ငံတော်အပိုင်းက အမျိုးသားပညာရေးမြှင့်တင်မှု အစီအမံများကို ဖော်ဆောင်ပေးလျက်ရှိသကဲ့သို့ ဆရာ၊ ဆရာမများအပိုင်းကလည်း မျိုးဆက်သစ်လူငယ်များအား နိုင်ငံတကာ တိုးတက်ဖြစ်ထွန်းမှုများကို ဆင်ခြင်ဉာဏ်ကင်းမဲ့စွာ အားကျနေမည့်အစား မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စံထားမှုများနှင့် ဓလေ့ဆန့်ကျင်သည့်အပြင် လွတ်လပ်မှုလွန်ကဲပြီး ဟီရိဩတ္တပ္ပတရား ကင်းမဲ့သော တိုင်းတစ်ပါးအမူအကျင့် ဓလေ့စရိုက်နှင့် အတွေးအခေါ်များကို အမျိုးသားရေးအမြင်ဖြင့် မှန်ကန်စွာ ရှုမြင်သုံးသပ်ရှောင်ရှားနိုင်စေရန် လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဆရာ၊ ဆရာမများအနေဖြင့် မျိုးဆက်သစ်လူငယ်များအား အမျိုးသားရေးအသိအမြင် နိုးကြားထက်သန်ပြီး ထက်မြက်မြင့်မားသည့် ပညာရည်စွမ်းပကားဖြင့် နိုင်ငံနှင့်လူမျိုး အကျိုးစီးပွား ဖော်ဆောင်မြှင့်တင်နိုင်သော စွမ်းဆောင်ရည်နှင့် ပြည့်စုံစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊
☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
☆ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

သစ်တက်ကုန်းရေလွှဲဆည် ရေသောက်ဧရိယာ တိုးချဲ့မှုနှင့်ရေပေးဝေမှု ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မန္တလေးတိုင်း စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ သစ်တက်ကုန်းရေလွှဲဆည် ရေသောက်ဧရိယာတိုးချဲ့မှု၊ ရေပေးတူးမြောင်း အသစ်များမှ ရေပေးဝေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့အား ကျောက်ဆည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းက သစ်တက်ကုန်းရေလွှဲဆည် မူလရေပေးမြောင်း ၁၅မိုင်ဖြင့် မူလရေသောက် ဧရိယာဧက ၅၀၀၀ မှ ၁၃မိုင်တိုးချဲ့ရေပေးတူးမြောင်း တူးဖော်၍ ရေသောက်ဧရိယာ၆၀၀၀ တိုးလာမှု၊ တံတားဦးမြို့နယ် သူငယ်တော်ကန်သို့ ရေရောက်ရှိ ဖြည့်တင်းပေးနိုင်မှု၊ ပြူကန်သို့ ချောင်းမနက် ရေလှောင်တမံမှ ရေဝင်ရရှိမှု၊ နေကြာနှင့်ကုလားပဲသီးညှပ်၊ နေကြာနှင့် ဂျုံသီးညှပ် စိုက်ခင်းဧက ၆၀၀၀ ဖြစ်ထွန်းမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက တာဝန်ရှိသူများအား သူငယ်တော်ကန်သို့ ရေပေးမှုသာမက တိုးချဲ့တူးမြောင်း၏ ဘယ်ဘက်ခြမ်း အထက်ပိုင်း၌ရှိသည့် စိုက်ခင်းများ ရေရရှိရေး၊ သူငယ်တော်ကန်မှ နွေရာသီသီးနှံ စိုက်ပျိုးရေပေးဝေနိုင်ရေး မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် သူငယ်တော် ကျေးရွာမှ တောင်သူများနှင့် ရင်းနှီးစွာ တွေ့ဆုံ၍ ရေပေးသွင်းသီးနှံ စိုက်ပျိုးမှုတိုးချဲ့ရေး၊ တောင်သူတစ်ဦးချင်းဝင်ငွေတိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သောက်သုံးရေ ရရှိရေးအတွက် နိုင်ငံတော်က ရေရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့ဖြစ်၍ ရေကို အကျိုးရှိရှိ လေလွင့်မှု မရှိအောင်အသုံးပြုရေး၊တောင်သူလယ်သမားများ ဝင်ငွေပိုမိုရရှိအောင် ဒေသနှင့် ကိုက်ညီသော သီးနှံပုံစံချမှတ်စိုက်ပျိုးရေး၊ဈေးကွက်ဝင်သီးနှံများတိုးချဲ့စိုက်ပျိုးရေး တို့ကိုဒေသအတွင်းရှိတောင်သူများအား ဌာနဆိုင်ရာ တာဝန်ရှိ သူများက ကူညီပံ့ပိုးကြရန်ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် တိုးချဲ့ရေပေးတူးမြောင်းမှ သူငယ်တော်ကန်သို့ ရေပေးမှုကို ကြည့်ရှုစစ်ဆေး ရသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး) တွင် အခန်း (၆) ၁၈၂/၂၀၂၊ (၃၄)လမ်း ကျောက်တံတားမြို့နယ်နေ ဗိုလ်မှူးကြီး သန်းညွှန့်(ငြိမ်း)နှင့် မိသားစုက ငွေကျပ်တစ်သိန်းကို ဦးရှိန်ဝင်း(ဥက္ကဋ္ဌ)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရွှေဘုန်းပွင့်စေတီတော် တရားပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်အတွင်း အင်္ဂါလူငယ် (ဝါတွင်း) ဆွမ်းလောင်းအဖွဲ့က ပထမအကြိမ် တရားပွဲ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၉ရက်၌ ဆရာတော်အရှင်ဆေကိန္ဒ၊ ၂၀ ရက်၌ ဆရာတော် ဦးကောသလ္လ၊ ၂၁ ရက်၌ ဆရာတော် ရှင်ဆန္ဒာဓိကတို့က ည ၇ နာရီမှစ၍ တရားတော်များ ဟောကြားမည် ဖြစ်သည်။ (က-ပ)

ကျောက်ဆည်အသင်း(ရန်ကုန်)နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ကျောက်ဆည်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် စုံညီအစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

ပညာရည်ချွန်ဆုအတွက် ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သား၊ သမီးများသည် အထောက်အထားများနှင့်တကွ ဦးကျော်မြအောင် ဖုန်း-၆၈၀၈၅၁၊ ဦးခင်မောင်မြင့် ဖုန်း-၆၆၆၄၇၈၊ ဒေါ်ခင်မျိုးသန့် ဖုန်း-၆၆၄၆၂၈နှင့် ဦးလှဝင်း ဖုန်း-၅၂၇၀၉၂ တို့ထံ ဇန်နဝါရီ ၂၂ ရက် နောက်ဆုံးထား စာရင်းပေးပို့ရန်နှင့် အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများပါ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ (က-ပ)

ဆူးလေစေတီတော် (၉၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

ဆူးလေစေတီတော် (၉၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ဆူးလေစေတီတော်ရင်ပြင်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ဖူးမြော်ကြည်ညိုသည်။

ရှေးဦးစွာ ဆူးလေစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူရေးအဖွဲ့ ဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးငွေစိုးက ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ပတ်သက်၍ လျှောက်ထားတင်ပြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားကို နာယူ၍ သာဓုအနုမောဒနာ သုံးကြိမ်ရွတ်ဆိုအမျှပေးဝေကာ အခမ်းအနား ပထမပိုင်းကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယပိုင်းအစီအစဉ်အရ (၉၃)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဗုဒ္ဓမြတ်စွာဘုရား အမှူးပြုလျက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဆူးလေစေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဆရာတော်ကြီးများ၊ တိုင်းသံဃနာယကအဖွဲ့ဝင် ဆရာတော်များ၊ ပရိယတ္တိစာသင်တိုက်များမှ ဆရာတော်များ၊ သီလရှင်များအား ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်မြို့နယ် လေးမြို့နယ်မှ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းအမျိုးမျိုးကို လောင်းလှူကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဆူးလေစေတီတော် (၉၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ပိတ်ပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲ အခမ်းအနားတွင် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ကျင်းပသည့် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



❒ **ကျောဖုံးမှ**

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က အမှာစကားပြောကြားရာ၌ ယနေ့အချိန်အခါသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံပီသစွာ နိုင်ငံတကာ့အလယ်တွင် တင့်တယ်ထည်ဝါစွာ ရပ်တည်နိုင်စေရေးတို့အတွက် နိုင်ငံတော်ကို တည်ဆောက်ကာကွယ်မြှင့်တင်ပေးနိုင်မည့် အရည်အသွေးမြင့်မားသော တိုင်းကျိုးပြည်ဆောင် အသိပညာရှင် အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေအောင် ပညာရေးကဏ္ဍကိုအခြေပြုပြီး ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်အခါလည်းဖြစ်ကြောင်း။

ယင်းသို့ ပညာရေးကဏ္ဍကို မဏ္ဍိုင်ပြုပြီး နိုင်ငံတော်ကြီးကို တည်ဆောက်မြှင့်တင်ပေးနေချိန်၌ ပညာရေးကဏ္ဍ၏ ပင်မစွမ်းအားစုများဖြစ်သော ဆရာ၊ ဆရာမများကို နိုင်ငံတော်၏ သမိုင်းကြောင်း အခြေခံများ၊ မျက်မှောက်ကာလ၏ ပကတိအခြေအနေမှန်များနှင့် ပစ္စုပ္ပန်ကာလတွင် ရင်ဆိုင်ဖြေရှင်းနေရသည့် စိန်ခေါ်မှုများ၊ နိုင်ငံတော်က မျှော်မှန်းထားသည့် အနာဂတ်အလားအလာများကို ယခုကဲ့သို့ အထူးမွမ်းမံသင်တန်းများတွင် ရှင်းလင်းသိမြင်စေခြင်းအားဖြင့် ဆရာ၊ ဆရာမများ၏ ရှိရင်းစွဲပညာရပ်ဆိုင်ရာ စွမ်းဆောင်မှုအရည်အသွေး၊ တာဝန်သိစိတ်နှင့် အမျိုးသားရေးအမြင်၊ အမျိုးသားရေးစိတ်ဓာတ်တို့ ပိုမိုရင့်ကျက်ခိုင်မာလာစေလိမ့်မည်ဟု နိုင်ငံတော်အစိုးရက ခံယူထားကြောင်း။

ယနေ့အချိန်အခါမှာ သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ဖြစ်ထွန်းမှုများသည် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍအားလုံးကို လွှမ်းမိုးကြီးစိုးလျက်ရှိသည့်အတွက် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုက တစ်ဆင့်သာလျှင် အခြားသော ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအသီးသီး၏ တိုးတက်ဖြစ်ထွန်းမှုများကို ဖော်ဆောင်ပေးနိုင်မည့် အခြေအနေအချိန်အခါကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ပညာရှင်များလိုအပ်

ယနေ့အချိန်အခါကဲ့သို့ အဖျက်အမှောင့်ရန်စွယ် အန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်တွန်းလှန်ရင်း နိုင်ငံတော်သစ်ကြီးကို တည်ဆောက်နေရသည့် အချိန်အခါကာလတွင် ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ အင်ဂျင်နီယာပညာရှင်များ၊ ဗိသုကာပညာရှင်များ၊ ဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာပညာရှင်များ၊ ကွန်ပျူတာပညာရှင်များ၊ လေကြောင်းသိပ္ပံဆိုင်ရာနှင့် ရေကြောင်းသိပ္ပံဆိုင်ရာပညာရှင်များစသည့် အသိပညာရှင် အတတ်ပညာရှင်အမျိုးမျိုးတို့ နိုင်ငံတော်တည်ဆောက်ကာကွယ်ရေးနှင့် နယ်ပယ်ကဏ္ဍစုံတွင် ပေါ်ထွန်းလာစေရန် လွန်စွာလိုအပ်လျက်ရှိကြောင်း။

ယင်းလိုအပ်ချက်များနှင့်အညီ စီးပွားရေး၊ ပညာရေး၊ သစ်တော၊ မွေးမြူရေး၊ စိုက်ပျိုးရေး၊ လေကြောင်းနှင့် အာကာသပညာ၊ ရေကြောင်းသိပ္ပံပညာတို့ကအစ ယဉ်ကျေးမှုကဏ္ဍမှာပါမကျန် ပညာရပ်အလိုက် ဘာသာရပ်အလိုက် တက္ကသိုလ်များ၊ ကောလိပ်များ တိုးချဲ့ဖွင့်လှစ်ပေးထားပြီးဖြစ်သကဲ့သို့ ယင်းတက္ကသိုလ်များ ကောလိပ်များတွင် ဘာသာရပ်ခွဲ၊ ပညာရပ်ခွဲနှင့် ပေါင်းစပ်ဘာသာရပ်အမျိုးမျိုးကိုလည်း တိုးချဲ့သင်ကြားပေးပြီး ပညာရှင်အသီးသီးကို ပြုစုပျိုးထောင်မွေးထုတ်ပေးလျက်ရှိနေကြောင်း။

ပေါ်ထွန်းလာသည့် ပညာရှင်များအား အရည်အသွေးမြင့်မားသော နိုင်ငံတကာအဆင့်မီ ပညာရှင်များဖြစ်လာစေရန် မဟာဘွဲ့၊ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများပါ တိုးချဲ့သင်ကြားပေးလျက်လည်းရှိကြောင်း။

အရည်အသွေးမြှင့်တင်

ယင်းသို့အဆင့်မြင့်ကဏ္ဍတွင် ပေါ်ထွန်းလာနေသည့် အခွင့်အလမ်းပွင့်ပညာရေးစနစ်နှင့် ဆီလျော်ညီညွတ်စွာ အခြေခံပညာကဏ္ဍတွင် ကျောင်းသူ၊ ကျောင်းသားလူငယ်များကို ကြိုတင်ပြုစုပျိုးထောင်ပေးနိုင်ရန်အတွက်လည်း သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်မှုများ၊ ပညာရပ်အမျိုးမျိုး ပေါင်းစည်းပေးထားသည့် ဘာသာတွဲများကို ရွေးချယ်သင်ယူနိုင်သည့်စနစ်များ၊ ခေတ်မီသင်ကြားမှု သင်ယူမှု သင်ထောက်ကူပစ္စည်းများ၊ သိပ္ပံနှင့်ဓာတ်ခွဲခန်းသုံးပစ္စည်းများ ဖြည့်ဆည်းပေးမှုများ၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီသင်ယူခွင့်ရရှိစေမည့် e-Education System ထူထောင်ပေးမှုများ စသည့်အရည်အသွေးမြှင့်တင်မှုများကို စနစ်တကျ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်ကို ဆရာ၊ ဆရာမများ ကိုယ်တွေ့မျက်မြင်များပင် ဖြစ်ကြောင်း။

အဓိကအားဖြင့် အခြေခံပညာကဏ္ဍတွင် ကျောင်းသူ၊ ကျောင်းသားလူငယ်များအား အလွတ်ကျက်မှတ်လေ့လာမှုကိုအားပေးသည့်စနစ်မှ ပညာရပ်၏ အရင်းအမြစ်အဓိပ္ပာယ်ကို လေ့လာဆန်းစစ်နိုင်မှု၊ နှိုင်းချင့်စဉ်းစားတွေးခေါ်နိုင်မှု၊ တီထွင်ကြံဆဖန်တီးနိုင်မှုတို့ကို အားပေးသည့်စနစ်ကို ကူးပြောင်းပြီး ကျောင်းသူ၊ ကျောင်းသားများအား အသိပညာ ဗဟုသုတ၊ စွမ်းဆောင်ရည်၊ ကျွမ်းကျင်မှုနှင့် စိတ်ဓာတ်ရေးရာကြံ့ခိုင်မှုတို့ကို လေ့ကျင့်ပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် အခြေခံပညာ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏တပည့် ကျောင်းသူ၊ ကျောင်းသားလူငယ်များအား အခွင့်အလမ်းများ ကျယ်ပြန့်စွာပွင့်လန်းစည်ပင်နေသည့် ပညာရေးနယ်ပယ်ကြီးတွင် တစ်ဦးချင်းစီ၏ ကိုယ်စီကိုယ်စီဝါသနာ၊ ဗီဇ၊ ကျွမ်းကျင်မှုများအရ အနာဂတ် မျှော်မှန်းချက်များနှင့်အညီ ရှေ့ဘဝခရီးကို မှန်ကန်ဖြောင့်မတ်စွာရွေးချယ်နိုင်ရန်နှင့် မိမိနိုင်ငံ မိမိလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွားကို ဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် အသိပညာရှင် အတတ်ပညာရှင်များဖြစ်လာစေရန် အခြေခံပညာကဏ္ဍကစတင်ပြီး စေတနာရှေ့ထားလေ့ကျင့်ပျိုးထောင်ပေးကြရန်မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဝန်ကြီး ဦးသန်းအောင်နှင့် အဖွဲ့ဝင်များသည် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ အထက်မြန်မာပြည်ရှိ ပြည်နယ်နှင့် တိုင်းများမှ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ ၉၀၃ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

▲ **သစ်တောရေးရာမှ**

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း နွယ်ခွေသစ်ဆိပ်သို့ ရောက်ရှိစစ်ဆေးသည်။ ထိုမှတစ်ဆင့် မင်္ဂလာဒုံမြို့နယ် လှော်ကားဥယျာဉ်ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဇော်က ဥယျာဉ်အတွင်း တည်ဆောက်ရေး လုပ်ငန်းများ၊ ဥယျာဉ်ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ဥယျာဉ်အတွင်း တည်ဆောက်လျက်ရှိသည့် နားနေဆောင်များနှင့် မွေးမြူပြသထားသည့် တိရစ္ဆာန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လှော်ကားဥယျာဉ်တွင် တွားသွားတိရစ္ဆာန်များ၊ နို့တိုက်သတ္တဝါများ၊ ငှက်မျိုးစုံတို့ကို သဘာဝအတိုင်းတွေ့မြင်ကြည့်ရှုနိုင်ပြီး အများပြည်သူများ အပန်းဖြေအနားယူနိုင်သည့်နေရာများ ပြုလုပ်ပေးထားသည့်အတွက် ပြည်သူများ ပျော်ရွှင်စွာ အပန်းဖြေအနားယူလျက်ရှိသည်။ (သတင်းစဉ်)

ပန်းသတင်းဂျာနယ် အတွဲ(၁)၊ အမှတ်(၁၂)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၆

ဘိုးအင်း ၇၄၇ ဆင်းသက်နိုင်မည့် အနီးစခန်းလေယာဉ်ကွင်းသစ် တည်ဆောက်နေ၊ ပြင်ဦးလွင်သည် ကမ္ဘာလှည့်များ အပန်းဖြေတောင်စခန်းမြို့ဖြစ်လာဖွယ်ရှိ၊ မူဆယ်တွင် ခေတ်မီစစ်ဆေးရေးကိရိယာများဖြင့် နယ်စပ်အဝင်အထွက် ကုန်စည်များ စစ်ဆေးတော့မည်၊ မြန်မာနိုင်ငံမှ ဥရောပမြို့ကြီး ၁၂မြို့သို့တောက်လျှောက်သွားနိုင်ပြီ၊ ငှက်အော်သံအတုဖြင့် ဓိဝစိုးငှက်များကို လှည့်စားဖမ်းဆီးမှုများလာအစရှိသည့် ပြည်တွင်းရေးရာသတင်းဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

ဆူနာမီကိုလန့်နေရသည့်အထဲ ထူးကဲဒီရေလာ ထပ်လန့်ပြန်၊ လက်ကိုင်ဖုန်းဖန်သားပြင်ပေါ်သို့ ရုပ်သံရောက်ပြီ၊ ကြွက်များက ဘာသာစကားကို ခွဲခြားသိနိုင်၊ ကျားနှင့်မ စားသောက်ပုံဘာကြောင့်ခြားနားနေသလဲ၊ ကမ္ဘာ့ဘဏ်အတွက်အကြီးအကဲရှာဖွေနေရ အစရှိသည့် နိုင်ငံတကာ မျက်မှောက်သတင်းများ၊ ကျန်းမာရေး၊ စီးပွားရေး၊ အားကစား၊ ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House ဖုန်း-၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီးတွင်) ကွယ်လွန်သူ ဦးကျင်စွမ်အားရည်စူး၍ ဒေါ်ရှုတီမိသားစုက အလှူငွေကျပ် ၁၁၀၀၀၀ကို ဇန်နဝါရီ ၁၃ရက်က ဦးခင်မောင်အေး(ဒုတိယဥက္ကဋ္ဌ)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြင်ဆင်ဖတ်ရှုပါရန်

ရန်ကုန် ဇန်နဝါရီ ၁၆

၁၄-၁-၂၀၀၅ ရက်ထုတ် သတင်းစာများတွင် ဖော်ပြပါရှိသော ဧရာဝတီတိုင်း ငပုတောမြို့နယ် ကျုံကူးကျေးရွာ ဘဝရှေ့ဆောင် ကျေးရွာသူကြီး ဦးလှမြင့် စာကြည့်တိုက်ဖွင့်ပွဲသတင်းတွင် စာကြည့်တိုက်အလှူရှင် ဦးမြင့်စိုးဟု ပြင်ဆင်ဖတ်ရှုပါရန်။ (သတင်းစဉ်)

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ တိုးတက်အောင်မြင်မှုများရရှိ ခြောက်နိုင်ငံ ဒေသတွင်း လုံခြုံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်ခဲ့

ပေကျင်း 　 ဇန်နဝါရီ 　 ၁၅

အဖွဲ့ဝင်ခြောက်နိုင်ငံပါဝင်သော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အက်စ်စီအို)သည် လွန်ခဲ့သည့်နှစ်က ပြည်တွင်းနှင့်ပြည်ပ လှုပ်ရှားဆောင်ရွက်မှုများတွင် ထူးခြားသော တိုးတက်အောင်မြင်မှုများကို ရရှိခဲ့ကြောင်း အဆိုပါအဖွဲ့၏ အတွင်းရေးမှူးချုပ် ကျန်ဒီကျွမ်းက ကြာသပတေးနေ့တွင် ပြောကြားသည်။

ပါဝင်

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် ၂၀၀၁ ခုနှစ် ဇွန် ၁၅ ရက်က တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ထူထောင်ခဲ့သော နိုင်ငံတကာအဖွဲ့အစည်း တစ်ရပ်ဖြစ်ပြီး ယင်းအဖွဲ့တွင် တရုတ်နိုင်ငံ၊ ရုရှား၊ ကာဇက်စတန်၊ ကာဂျီစတန်၊ တာဂျစ်ကစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့ ပါဝင်ကြသည်။

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် လွန်ခဲ့သည့်နှစ်က လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများကို တိုးမြှင့်ပြုလုပ်နိုင်ခဲ့ကြောင်း အဆိုပါအဖွဲ့၏ အတွင်းရေးမှူးချုပ် ရာထူး၌ တာဝန်ထမ်းဆောင်မှု နှစ်ပတ်လည် အခမ်းအနားနှင့် အဖွဲ့၏ အင်တာနက်ဝက်ဘ်ဆိုက် ဖွင့်လှစ်သည့် အခမ်းအနားတွင် ကျန်ဒီကျွမ်းက ပြောကြားသည်။

ဖော်ပြ

မိမိတို့သည် ဒေသတွင်း၌ အကြမ်းဖက်မှုတိုက်ဖျက်ရေး အစီအစဉ်များကို စတင်ရေးဆွဲ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မူးယစ်ဆေးဝါး သယ်ဆောင်မှု တိုက်ဖျက်ရေး သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပြီး အဖွဲ့ဝင်နိုင်ငံများရှိ အမျိုးသားလုံခြုံရေးကောင်စီများ၏ အတွင်းရေးမှူးများ အစည်းအဝေးများကို ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်နိုင်ခဲ့ကြောင်း ကျန်ဒီကျွမ်းက သံတမန်များနှင့် ကိုယ်စားလှယ် ၁၀၀ ကျော် ပါဝင်သော ပရိသတ်ကို မိန့်ခွန်းပြောကြားရာ၌ ဖော်ပြသည်။

အတည်ပြု

မိမိတို့၏ အဖွဲ့ဝင်နိုင်ငံများအတွင်း စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများသည် အောင်မြင်မှုများရရှိနေကြောင်း၊ အဖွဲ့ဝင်နိုင်ငံများသည် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဘက်စုံတိုးတက်စေမည့် အစီအစဉ်များကို အတည်ပြုနိုင်ခဲ့ကြကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေး၊ဆင်ဟွာ။

ဒဏ်ရာရ

အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရသူတစ်ဦးအား အရေးပေါ် သူနာပြုယာဉ်ပေါ်သို့ တင်နေသည်ကို ဇန်နဝါရီ ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်တပ်ဖွဲ့များ၏ ထိန်းသိမ်းခံရမှုကို ကန့်ကွက် အီရတ်နိုင်ငံခြားရေးဝန်ကြီး ရာထူးမှ နုတ်ထွက်

ဘဂ္ဂဒက် 　 ဇန်နဝါရီ 　 ၁၄

အီရတ်နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဂျာနာဘီသည် ၎င်းအား အမေရိကန်တပ်ဖွဲ့ဝင်များက ခဏတာထိန်းသိမ်းခဲ့မှုကို ကန့်ကွက်သည့်အနေဖြင့် ကြာသပတေးနေ့က ရာထူးမှ နုတ်ထွက်လိုက်ကြောင်း အီရတ်တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ဗြိတိသျှ ဘီဘီစီ သတင်းဌာနအား ပြောကြားသည်။

အမည်မဖော်သူ

ဂျာနာဘီသည် အစိမ်းရောင်ဇုန်အနီး မိနစ်သုံးဆယ်ကြာ လက်ထိတ်ခတ်ခံခဲ့ရသည်။ ဘဂ္ဂဒက်ရှိ အမေရိကန်စစ်ဌာနချုပ်က ယင်းထိန်းသိမ်းမှုနှင့် ပတ်သက်၍ ဝေဖန်ပြောကြားမှု မရှိပေ။ အီရတ်ကြားဖြတ်အစိုးရဝန်ကြီးချုပ် အာလာဝီက ဂျာနာဘီအား ရာထူးနုတ်ထွက်မည့် ဆုံးဖြတ်ချက်ကိုရုပ်သိမ်းရန် ဖျောင်းဖျခဲ့သော်လည်း ၎င်းက လက်မခံကြောင်းဖြင့် အမည်မဖော်သူ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

စာရင်းတွင်ပါဝင်

ဆွန်နီတစ်ဦးဖြစ်သူ ဂျာနာဘီသည် ထင်ရှားသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး ပါလီမန် အမတ်အဖြစ် ယှဉ်ပြိုင်အရွေးခံမည့်သူ ၂၄၀ ကျော် စာရင်းတွင် ပါဝင်သူဖြစ်သည်။

အမ်အင်အေး၊ဆင်ဟွာ။

ကမ္ဘောဒီးယားမြို့နှစ်မြို့တွင် နိုင်ငံခြားသားများအား လိုင်စင်မဲ့ ယာဉ်မောင်းခွင့်မပြု

ဖနွမ်းပင် 　 ဇန်နဝါရီ 　 ၁၄

ကမ္ဘောဒီးယားနိုင်ငံ၏ မြို့နှစ်မြို့တွင် ကားမောင်းလိုင်စင်မရှိသောနိုင်ငံခြားသားများ ယာဉ်မောင်းနှင်မှုကို တားမြစ်လိုက်သည်။ ယာဉ်မောင်းခွင့် တားမြစ်လိုက်သော ပထမမြို့မှာ ဆီအမ်ရိမ်မြို့ဖြစ်ပြီး ဒုတိယမြို့မှာ ပင်လယ်ကမ်းစပ်မြို့ဖြစ်သော ဆီဟာနိုက်ဗီးလ်မြို့ဖြစ်သည်။ ထိုမြို့နှစ်မြို့တွင် အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်း လိုင်စင်သို့မဟုတ် ဒေသတွင်း ယာဉ်မောင်းလိုင်စင်မရှိသော နိုင်ငံခြားသားများကို ယာဉ်မောင်းနှင်ခွင့် ပိတ်ပင်ထားကြောင်း ဒေသတွင်း သတင်းဌာနက ဇန်နဝါရီ ၁၁ ရက်တွင် ထုတ်ပြန်သည်။ ထိုတားမြစ်ချက်များ ထုတ်ပြန်ရခြင်းသည် နိုင်ငံခြားခရီးသွားများအတွက် အသက်အန္တရာယ်လုံခြုံရေးအရ လုပ်ဆောင်ခြင်းနှင့် ဒေသတွင်း လိုင်စင်ရှိ ယာဉ်မောင်းများ အလုပ်ရရှိရေးအတွက်ဖြစ်ကြောင်း ဆီဟာနိုက်ဗီးလ်မြို့၏ ဆောက်လုပ်ရေးနှင့်သယ်ယူပို့ဆောင်ရေးဌာနမှ ညွှန်ကြားရေးမှူး ဆိုချောင်ဂွာ၏ ပြောကြားချက်ကို ကိုးကားလျက် ကမ္ဘောဒီးယား ဒေးလီးသတင်းစာက ဖော်ပြသည်။

အချို့သော နိုင်ငံခြားသားများသည် လမ်းများကို ကျွမ်းကျင်စွာ မသိရှိခြင်း၊ ယခင်က ယာဉ်မောင်းနှင်ဖူးခြင်း မရှိခြင်း စသည့်အကြောင်းများကြောင့် မတော်တဆဖြစ်ပွားမှု များပြားကြောင်း ဆိုချောင်ဂွာက ပြောကြားသည်။

လိုင်စင်မရှိသော နိုင်ငံခြားသားများ ယာဉ်မောင်းနှင်ခြင်း မပြုရဟူသော တားမြစ်ချက်ကို ဆီဟာနိုက် ဗီးလ်မြို့တွင် ဒီဇင်ဘာတစ်လလုံး သတိပေးထုတ်ပြန်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ဒေသတွင်း နေထိုင်သူများကိုလည်း ယာဉ်မောင်း လိုင်စင် ပြုလုပ်ရေးကိုပါ တစ်ပါတည်း တိုက်တွန်းခဲ့ကြောင်း ဆိုချောင်ဂွာက ပြောဆိုသည်။

ဆီအမ်ရိမ်မြို့တွင် ကားမောင်းလိုင်စင်မရှိသောနိုင်ငံခြားသားများ ယာဉ်မောင်းနှင်ခြင်းကို ၂၀၀၃ ခုနှစ် မတ်လကတည်းက တားမြစ်ချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေး၊ဆင်ဟွာ။***

လွတ်လပ်သော ကုန်သွယ်မှု မြှင့်တင်အားပေး ဆာအတ်အဖွဲ့ဝင်နိုင်ငံများ အကောက်ခွန် သက်သာခွင့်ရရှိမည်

ဒါကာ 　 ဇန်နဝါရီ 　 ၁၄

တောင်အာရှဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(ဆာအတ်)၏ အဖွဲ့ဝင်နိုင်ငံများအတွင်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် အကောက်ခွန်သက်သာခွင့် လျှော့ချပေးရေး သဘောတူညီချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဆာအတ်အဖွဲ့ဝင် နိုင်ငံခြောက်နိုင်ငံမှ ၎င်း၏နိုင်ငံသို့ တင်ပို့ရောင်းချသော ထုတ်ကုန်ပစ္စည်း ၁၁၆ မျိုးအပေါ် အကောက်ခွန် သက်သာခွင့်ပေးမည့် အစီအစဉ်ကို မကြာမီ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ခေတ်သစ်အမည်ရှိ သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြသည်။

သက်သာခွင့်ပေး

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အခြားသော ဆာအတ်အဖွဲ့ဝင်နိုင်ငံများမှ တင်ပို့ရောင်းချသော ထုတ်ကုန်ပစ္စည်းများအပေါ် ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ အကောက်ခွန်သက်သာခွင့် ပေးမည်ဖြစ်သည်။

အပြန်အလှန်အားဖြင့် ဆာအတ်အဖွဲ့ဝင် ခြောက်နိုင်ငံတို့ကလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဝယ်ယူတင်သွင်းသော ထုတ်ကုန်ပစ္စည်း ၃၅၈ မျိုး အပေါ် ၁၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအထိ အကောက်ခွန်နှုန်းထားများကို လျှော့ချပေးမည်ဖြစ်ကြောင်း သတင်းစာက ရေးသားဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံက အကောက်ခွန် သက်သာခွင့်ပေးမည့် ကုန်ပစ္စည်းများတွင် သစ်သီးဝလံများ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ အုန်း၊ အုန်းဆီ၊ တိရစ္ဆာန်အစားအစာ၊ လေယာဉ်၊ လယ်ထွန်စက်၊ သစ်သားပရိဘောဂ စသည့်ပစ္စည်းများ ပါဝင်သည်။

လျှော့နည်းသက်သာ

တောင်အာရှဒေသ ကုန်သွယ်ရေး ဦးစားပေးရေး အစီအစဉ်(အက်စ်အေပီတီအေ)အရ ပြုလုပ်သော စတုတ္ထအကျော့ ဆွေးနွေးပွဲများနှင့်အညီ နှစ်နိုင်ငံချင်းစီ အလိုက် ရရှိသော သဘောတူညီမှုဖြင့် အကောက်ခွန်နှုန်းထားများ လျှော့နည်းသက်သာစေရန် လုပ်ဆောင်ခြင်းဖြစ်သည်။

သဘောတူ

လွန်ခဲ့သည့်နှစ် ဒီဇင်ဘာ ၄ ရက်မှ ၆ ရက်အထိ အိန္ဒိယနိုင်ငံ နယူးဒေလီတွင် ကုန်သွယ်ရေးကျွမ်းကျင်သူ ပညာရှင်များကော်မတီ၏ ဆဋ္ဌမအကြိမ် အစည်းအဝေး ကျင်းပခဲ့ရာတွင် ဆာအတ်အဖွဲ့ဝင်နိုင်ငံများအတွင်း နှစ်နိုင်ငံချင်းစီ အကောက်ခွန်သက်သာခွင့်ပေးရေး အစီအစဉ်များကို ယခုနှစ် ဇန်နဝါရီ ၃၁ ရက်ထက် နောက်မကျဘဲ အပြီးသတ်ရေးဆွဲရန် သဘောတူညီခဲ့သည်။

အမ်အင်အေး၊ဆင်ဟွာ။

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင်း တစ်နေရာ၌ ခုခံတိုက်ခိုက်ရေးသမားများ ကင်းလှည့်နေသည်ကို ဇန်နဝါရီ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၁၀ ပြည့်နှစ် ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအတွက် အခြေခံသစ်ဖြစ်မည်

ရှန်ဟိုင်း ဇန်နဝါရီ ၁၅

၂၀၁၀ပြည့်နှစ်တွင် ကျင်းပမည့် ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲကြီးသည် တရုတ်နိုင်ငံနှင့် ပေါ်တူဂီနိုင်ငံတို့အကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအတွက် အခြေခံသစ်တစ်ရပ်ဖြစ်ကြောင်း ရှန်ဟိုင်းမြို့သို့ ရောက်ရှိနေသည့် ပေါ်တူဂီသမ္မတ ဂျော့ဂျ်ဆန်ပါရီယိုက သောကြာနေ့တွင် ပြောကြားလိုက်သည်။

ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲဆိုင်ရာ နားလည်မှု စာချွန်လွှာတစ်ရပ်ကို ပေါ်တူဂီနှင့် ရှန်ဟိုင်းအာဏာပိုင်များက လက်မှတ်ရေးထိုးလိုက်ပြီးနောက် သမ္မတ ဆန်ပါရီယိုက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ဖော်ထုတ်

အဆိုပါ နားလည်မှုစာချွန်လွှာအရ ပေါ်တူဂီနှင့် ရှန်ဟိုင်းတို့သည် ဥယျာဉ်လုပ်ငန်းဆိုင်ရာ စီမံကိန်း ရေးဆွဲခြင်း၊ ပြပွဲခန်းမဆိုင်ရာ ဒီဇိုင်းပုံစံများ ရေးဆွဲခြင်း၊ ကုန်စည်ပြပွဲ ကျင်းပပြီးသောအခါ ပြပွဲအတွက် အသုံးပြုခဲ့သော ကိရိယာပစ္စည်းများအား ထပ်ဆင့်အသုံးပြုနိုင်ရန် အစီအစဉ်ရေးဆွဲခြင်း၊ စီးပွားရေးလုပ်ငန်းများဆိုင်ရာ စီမံကိန်း ရေးဆွဲခြင်း၊ စီမံကိန်းဆိုင်ရာ စီမံခန့်ခွဲမှုပြုလုပ်ခြင်း၊ ဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးခြင်းနှင့် ကုန်စည်ပြပွဲအတွက် လက်မှတ်ရောင်းချခြင်းဆိုင်ရာ နည်းစနစ်များ ဖော်ထုတ်ခြင်းတို့ကို ပြုလုပ်နိုင်မည်ဖြစ်သည်။

ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲကြီးအတွက် ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းတွင် ပါဝင်လှုပ်ရှားရန် ပေါ်တူဂီနိုင်ငံက စိတ်အားထက်သန်နေကြောင်း၊ အဆိုပါ ကုန်စည်ပြပွဲသည် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများအတွင်း အပြန်အလှန် နားလည်မှုမြှင့်တင်ရေးအတွက် အဓိကကျကြောင်း ဆန်ပါရီယိုက ပြောကြားသည်။

တည်ဆောက်

ကမ္ဘာ့ကုန်စည်ပြပွဲကို ၂၀၁၀ ပြည့်နှစ် မေ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ရှန်ဟိုင်းမြို့တွင် ကျင်းပမည်ဖြစ်သည်။

ကုန်စည်ပြပွဲ၏ ဦးတည်ချက်မှာ ပိုမိုတိုးတက်သောမြို့နှင့် ပိုမိုကောင်းမွန်သည့်ဘဝ တည်ဆောက်ရန်ဟူ၍ ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

မိသားစုစီမံကိန်း ရုပ်မြင်သံကြားအစီအစဉ် ဖိလစ်ပိုင် ထုတ်လွှင့်မည်

မနီလာ ဇန်နဝါရီ ၁၅

ဖိလစ်ပိုင်နိုင်ငံသည် လူဦးရေ ထိန်းချုပ်နိုင်ရန် ရည်ရွယ်လျက် မိသားစုစီမံကိန်းနှင့် ပတ်သက်သည့် ရုပ်မြင်သံကြား အစီအစဉ်တစ်ရပ်ကို ယခုလအတွင်း ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းတစ်ရပ်က သောကြာနေ့တွင် ဖော်ပြသည်။

လာမည့် ခြောက်နှစ်တာကာလအတွင်း လူဦးရေတိုးနှုန်းကို ၂ ဒသမ ၃ ရာခိုင်နှုန်းမှ ၁ ဒသမ ၉ ရာခိုင်နှုန်းသို့ လျှော့ချမည့် အစိုးရ၏ရည်မှန်းချက် အောင်မြင်စေရန် ကျန်းမာရေးဌာနက ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖိလစ်ပိုင်စတားသတင်းစာက ဖော်ပြသည်။

၎င်းမိသားစု စီမံကိန်းမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီသည်ဟု သမ္မတ ဂလိုရီယာမာဂါပါဂဲလ်အာရိုယိုက ပြောကြားသည်။

ကျန်းမာရေးဝန်ကြီး မန်နျူယယ်ဒေးရစ်သည် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းရှိ အစိုးရဌာနဆိုင်ရာများနှင့် ၎င်းစီမံကိန်းကို ညှိနှိုင်းအကောင်အထည်ဖော်မည်ဖြစ်ကြောင်း အာရိုယိုက ဆက်လက်ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ကမ္ဘောဒီးယားနိုင်ငံ ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်ဒေသရှိ ရေနံရှာဖွေထုတ်လုပ်ရေး လုပ်ငန်းခွင်တစ်နေရာကို ဇန်နဝါရီ ၁၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်မှ တပ်ဖွဲ့အစောဆုံးရုပ်သိမ်းရန် ယူကရိန်း ပါလီမန်တိုက်တွန်း

ကီယက်ဗ် ဇန်နဝါရီ ၁၅

ယူကရိန်းပါလီမန်က အီရတ်နိုင်ငံရှိ ၎င်း၏တပ်ဖွဲ့ဝင်များ အစောဆုံး ရုပ်သိမ်းရန်နှင့် ယူကရိန်းတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံမှ ဌာနေပြန်ရေးနှင့် ပတ်သက်သည့် အမိန့်ထုတ်ပြန်ပေးရန် သမ္မတ ကူချ်မာအားပါလီမန်က တိုက်တွန်းလိုက်ကြောင်း ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြထားသည်။

အမိန့်ပေး

သမ္မတကူချ်မာက ၎င်း၏ ကာကွယ်ရေးဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံကာ ယူကရိန်းတပ်ဖွဲ့ဝင်များအား အီရတ်နိုင်ငံမှ ၂၀၀၅ခုနှစ်လယ်ကာလတွင် ရုပ်သိမ်းနိုင်မည့် အစီအစဉ်များရေးဆွဲရန် တနင်္လာနေ့က အမိန့်ပေးခဲ့သည်။

တိုက်တွန်း

အီရတ်နိုင်ငံတွင် တနင်္ဂနွေနေ့က မတော်တဆ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာမှ ယူကရိန်းတပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးခဲ့သည့်နောက် ယင်းသို့ တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ယူကရိန်းနိုင်ငံသည် အီရတ်ရှိ အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များထံသို့ တပ်ဖွဲ့ဝင်ပေးပို့ရာတွင် စတုတ္ထအများဆုံး နိုင်ငံဖြစ်သည်။ ယူကရိန်းတပ်ဖွဲ့ဝင် ၁၆၅၀သည် အီရတ်နိုင်ငံတောင်ပိုင်း ပိုလန်စစ်ဌာနချုပ်၏ လက်အောက်တွင် တာဝန်ထမ်းဆောင်နေသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

နိုင်ဂျီးရီးယားနိုင်ငံတွင် သဘာဝဓာတ်ငွေ့ရည်စက်ရုံ တည်ဆောက်မည်

လေဂို့စ် ဇန်နဝါရီ ၁၅

နိုင်ဂျီးရီးယားအစိုးရသည် နိုင်ငံ၏ အနောက်တောင်ဘက်အရပ်ရှိ အွန်ဒိုဒေသတွင် အမေရိကန်ဒေါ်လာ သန်း ၆၀၀၀ တန် သဘာဝဓာတ်ငွေ့ရည်စက်ရုံတစ်ရုံ တည်ဆောက်ရန် စီစဉ်လျက်ရှိသည်။ အဆိုပါ စက်ရုံကို ချက်ဗရွန်တက္ကဆီကို ကုမ္ပဏီနှင့် ဗြိတိသျှအနောက် အာဖရိကဓာတ်ငွေ့ကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်မည်ဖြစ်ကြောင်း ပန့်ချ်နေ့စဉ်သတင်းစာက ဇန်နဝါရီ ၁၃ ရက် သတင်းတွင် ရေးသားဖော်ပြသည်။

သဘာဝဓာတ်ငွေ့ရည် စက်ရုံအသစ်ကို အိုဒိုပြည်နယ်ရှိ အိုလိုကိုလာအရပ်တွင် တည်ဆောက်မည်ဖြစ်ပြီး၊ ၂၀၀၈ ခုနှစ်တွင် စက်ရုံစတင်လည်ပတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ယခုတည်ဆောက်မည့် စက်ရုံသည် နိုင်ဂျီးရီးယားနိုင်ငံ၏ ရေနံသမိုင်းတွင် အကြီးမားဆုံးသော စက်ရုံဖြစ်သည်ဟု နိုင်ဂျီးရီးယား အမျိုးသားရေနံကော်ပိုရေးရှင်း(အင်အင်ပီစီ)မှ အကြီးအကဲ ဖန်ဆိုကူပိုလိုကွန်က ပြောကြားသည်။

ဓာတ်ငွေ့ရည် ထုတ်လုပ်ရေး စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် အဆင့်သုံးဆင့်ခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်သည်။ ပထမအဆင့်မှာ ၂၀၀၈ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ပြီး ထိုအဆင့်၌ သဘာဝဓာတ်ငွေ့ရည် တစ်နှစ်လျှင် မက်ထရစ်တန် ၁၀ သန်း ထုတ်လုပ်ပေးမည်ဖြစ်သည်။ ပထမအဆင့် ထုတ်လုပ်ရေးဆောင်ရွက်ရာ၌သာ ဖက်စပ်ကုမ္ပဏီနှစ်ခု ပါဝင်မည်ဟု ဆိုသည်။ စီမံကိန်းတစ်ခုလုံး ပြီးစီးသွားသောအခါ စုစုပေါင်း သဘာဝဓာတ်ငွေ့ရည် ထုတ်လုပ်မှုမှာ နှစ်စဉ်တန်ချိန် သန်း ၃၀ အထိ ရှိလာမည်ဖြစ်သည်။

ယခု ဓာတ်ငွေ့စက်ရုံ စီမံကိန်းသည် နိုင်ဂျီးရီးယားအစိုးရ၏ ၂၀၀၉ ခုနှစ်တွင် ဓာတ်ငွေ့ကဏ္ဍမှ မက်ထရစ်တန်ချိန် သန်း ၇၀ ထုတ်လုပ်ပြီး အခွန်ငွေ ဒေါ်လာသန်း ၈၀၀၀ ရရှိရန် ရည်မှန်းထားသည့် အစီအမံ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟုဆိုသည်။

ကမ္ဘာ့ပေါ်တွင် နိုင်ဂျီးရီးယားနိုင်ငံသည် သဘာဝဓာတ်ငွေ့သိုက် ပမာဏတွင် နဝမမြောက်အများဆုံး ပိုင်ဆိုင်ထားသော နိုင်ငံဖြစ်သည်။ ထိုနိုင်ငံ၏ ပထမဦးဆုံးသော သဘာဝဓာတ်ငွေ့ရည်စက်ရုံမှာ နိုင်ငံတောင်ပိုင်းရှိ ဘိုနီကျွန်းပေါ်တွင်တည်ရှိပြီး ၁၉၉၉ ခုနှစ် စက်တင်ဘာလက စတင်လည်ပတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ စက်ရုံအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံရှိကြောင်း သိရသည်။ **အင်တာနက်။**

၂၀၀၄ ခုနှစ်တွင် အမြတ်ဝင်ငွေ စံချိန်တင်ရရှိခဲ့သော တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်း၏ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်ကို ဇန်နဝါရီ ၁၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်ဖက်စပ်ကားများ ဈေးကွက်သို့ ထိုးဖောက်

ပေကျင်း ဇန်နဝါရီ ၁၅

တရုတ်နိုင်ငံတွင် ရှန်ဟိုင်းအော်တိုကားကုမ္ပဏီမှ ဂျင်နရယ်ကား လုပ်ငန်းသည် အဓိက ဖက်စပ်လုပ်ကိုင်သော ကုမ္ပဏီဖြစ်သည်။ ယမန်နှစ်က ထိုကုမ္ပဏီ၏ ကားရောင်းချရမှုသည် ၇ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ကားစီးရေပေါင်း ၈၄၃၀၀၀ ရောင်းချခဲ့ရသည်။ တရုတ်နိုင်ငံ ဈေးကွက်သည် ကမ္ဘာ့ကားဈေးကွက်၌ တတိယနေရာတွင်ရှိသည်။

ရောင်းချခဲ့ရ

သို့ရာတွင် ယခုအခါ ကားရောင်းချမှု အခြေအနေမှာ ဈေးကွက်ကြီးတစ်ခုလုံးခြုံကြည့်လျှင် ကျဆင်းသွားခဲ့သည်။ ရှန်ဟိုင်း အော်တိုမိုတစ်ဂရုကုမ္ပဏီသည် အသစ်ဖွဲ့စည်းထားသော ကုမ္ပဏီတစ်ခုဖြစ်ပြီး ကုမ္ပဏီမှ ရောင်းချရသော ကားစီးရေသည် ၆၁၇၀၀၀ စီးရှိပြီး ကားဈေးကွက်တွင် လေးပုံတစ်ပုံမျှ ရောင်းချခဲ့ရကြောင်း သတင်းများက ဆိုသည်။

ရည်မှန်းလုပ်ဆောင်

တရုတ်နိုင်ငံမှ ထုတ်လုပ်သောကားများသည် ယမန်နှစ်က ရောင်းအား ကျဆင်းခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ဆီဒင်ကားစင်းရေ နှစ်သန်းအထိ စံချိန်တင်ရောင်းချခဲ့ရပြီးနောက် ကျဆင်းသွားခြင်းဖြစ်သည်။ လက်ရှိ အခြေအနေတွင် ရှန်ဟိုင်း အော်တိုမိုတစ်စက်ရုံကုမ္ပဏီ (အက်စ်အေအိုင်စီ)သည် တရုတ်နိုင်ငံ၏ ကားဈေးကွက်တွင် ထိပ်ဆုံးတွင်ရှိသည်။ ပြည်တွင်းတွင် ခြေကုပ်ယူ၍ ပြည်ပ ဈေးကွက်ထိ တိုးမြှင့်ထိုးဖောက်နိုင်ရန် ကုမ္ပဏီက ရည်မှန်းလုပ်ဆောင်လျက်ရှိသည်။ **အင်တာနက်။**

နိုင်ငံတကာသတင်းများ

စင်ကာပူနှင့် မလေးရှား မြေရိုင်း ဖော်ထုတ်မှုဆိုင်ရာ သဘောတူညီမှု ရရှိ

စင်ကာပူ ဇန်နဝါရီ ၁၅

စင်ကာပူနှင့် မလေးရှားနိုင်ငံတို့သည် မြေရိုင်းပြန်လည်ဖော်ထုတ်ခြင်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို သောကြာနေ့တွင် ရရှိလိုက်ကြသည်။ မကြာသေးမီလများတွင် ဆွေးနွေးပွဲနှစ်ကျော့ပြုလုပ်ခဲ့ရာ၌ စင်ကာပူနိုင်ငံက မြေရိုင်းဖော်ထုတ်မှုပြုလုပ်ရာမှ ဖြစ်ပေါ်နေသော အငြင်းပွားမှုကို ငြိမ်းချမ်းစွာ ဖြေရှင်းကြရန် သဘောတူညီကြခြင်းဖြစ်သည်။

လွန်ခဲ့သည့် ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့အတွင်း ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ရာတွင် မြေရိုင်းဖော်ထုတ်မှုနှင့် ပတ်သက်နေသော အငြင်းပွားမှုကို ဖြေရှင်းနိုင်ရန် ဆွေးနွေးနိုင်ခဲ့ကြကြောင်း၊ နှစ်နိုင်ငံအစိုးရ ကိုယ်စားလှယ်အဖွဲ့များသည် သဘောတူညီချက်တစ်ရပ်ကို အပြီးသတ် ညှိနှိုင်းနိုင်ပြီဖြစ်ကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

စင်ကာပူနှင့် မလေးရှား အစိုးရအဖွဲ့များသည် ကျွမ်းကျင်သူပညာရှင်များ၏ အကြံပြုချက်များကို လက်ခံကြကြောင်း၊ နှစ်ဦးနှစ်ဖက် သာတူညီမျှမှုအခြေခံဖြင့် နှစ်နိုင်ငံအကျိုးရှိစေမည့် ဖြေရှင်းချက်တစ်ရပ်ကို ၎င်းတို့က အကြံပြုနိုင်ခဲ့ကြောင်း ပူးတွဲကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

ဂျိုဟောရေလက်ကြားဒေသ၏ ရေလမ်းကြောင်းကို နှစ်နိုင်ငံ မျှဝေပိုင်ဆိုင်သည်ဆိုသောအချက်နှင့် ပတ်သက်၍ သဘောတူညီမှုရရှိကြောင်း၊ ယင်းရေလက်ကြားတွင် ပင်လယ်ရေကြောင်း ကူးသန်းသွားလာမှု ဘေးကင်းလုံခြုံရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ကြရန် နှစ်ဖက်စလုံးက စိတ်ဝင်စားမှုရှိကြောင်း ပူးတွဲကြေညာချက်၌ ရေးသားထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် အမြန်ဖြစ်ပေါ်လာရေး တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ စုပေါင်းလုံ့လပြုကြိုးပမ်း

အောင်မိုးစံ

သင့်မြတ်စည်းလုံးရေးနဲ့ တည်ငြိမ်အေးချမ်းရေးဟာ လူ့အဖွဲ့အစည်းရဲ့ ကောင်းကျိုးချမ်းသာအဖြာဖြာကို ပေးပါတယ်။ မသင့်မြတ်ဘူး၊ မတည်ငြိမ်ဘူး ဆိုရင် လူ့အဖွဲ့အစည်းအဖို့ လူမှုဒုက္ခအဝဝကိုသာ သက်ရောက်စေပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးမှာ အမျိုးသားသင့်မြတ်စည်းလုံးရေးကို ဦးတည်ကြိုးပမ်းနေကြတာဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးဟာ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေး အတွက် မဖြစ်မနေလိုအပ်တဲ့ ရေခံမြေခံအခြေခံပဲဖြစ်ပါတယ်။ ဒါကြောင့် တည်ဆဲတပ်မတော်အစိုးရဟာ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန် ကစပြီး အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေးကို ဦးတည်ကြိုးပမ်းလာခဲ့ ပါတယ်။ ဒါမှသာ နိုင်ငံတော်တည်ငြိမ်အေးချမ်းလာမယ်၊ နိုင်ငံတော် တည်ငြိမ် အေးချမ်းလာမှသာ စီးပွားတိုးတက်သော ဈေးကွက်စီးပွားရေးစနစ်နဲ့ ဒီမိုကရေစီ ရှင်သန်ထွန်းကားလာနိုင်မယ်၊ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်မယ်ဖြစ်ပါတယ်။ ဒါတွေကို အဆင့်ဆင့် အကောင်အထည်ဖော်နေတဲ့ တပ်မတော်အစိုးရရဲ့ မွန်မြတ်တဲ့ ဦးတည်ချက်(၁၂)ရပ်ကို အထင်အရှား တွေ့ရှိနိုင်ပါတယ်။

မြန်မာ့သမိုင်းသင်ခန်းစာကို ပြန်ကြည့်မယ်ဆိုရင်လည်း ဒုတိယကမ္ဘာစစ်ကြီး အဝင်အထွက်ဒဏ်ကို မရှုမလှ နှစ်ကြိမ်တိုင်ခံလာရတဲ့ မြန်မာနိုင်ငံကို လွတ်လပ်စ ကာလမှာ တစ်မျိုးသားလုံး စည်းလုံးညီညွတ်မှုနဲ့ ပြန်လည်ထူထောင်ရမယ့်အစား တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲပြီး ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခ မီးကြီး ဆက်လက်လောင်ကျွမ်းခဲ့ပါတယ်။ အဲဒီလို လက်နက်ကိုင်ပဋိပက္ခနဲ့ ကြုံခဲ့ရတဲ့ တိုင်းရင်းသားတွေရဲ့ အသက်ပေါင်း ဘယ်လောက်ဆုံးရှုံးခဲ့တယ်၊ ပြည်သူတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်ဥစ္စာတွေ ဘယ်လောက် ဆုံးရှုံးခဲ့တယ်၊ နိုင်ငံရဲ့ စီးပွားရေး ကုန်လုပ်စွမ်းအားစုတွေ ဘယ်အထိ ဗုန်းဗုန်းလဲကျ ပျက်စီးခဲ့ရတယ်ဆိုတဲ့ သမိုင်းစဉ်ကြီးကို အထင်းသားမြင်နိုင်၊ တွေ့နိုင်ပါတယ်။ အဲဒီလို တိုင်းရင်းသားညီအစ်ကိုချင်း သွေးမြေကျ လက်နက်ကိုင် ပဋိပက္ခမီးကို ယခင်အစိုးရအဆက်ဆက်ဟာ ဘယ်လိုမှ ငြိမ်းသတ်နိုင်စွမ်း မရှိခဲ့ပါဘူး။

ဒီကနေ့ တည်ဆဲတပ်မတော်အစိုးရ လက်ထက်ကျမှသာ အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေးကို ဘယ်ခေတ်ဘယ်အခါနဲ့မျှ မတူအောင် ဆောင်ရွက်လာနိုင်ခဲ့တယ်။ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကိုလည်း နယ်စပ်ဒေသများပါမကျန် ဘယ်ခေတ်ဘယ်အခါနဲ့မျှ မတူအောင် ထူထောင် လာနိုင်ခဲ့တယ်။ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေတဲ့ ဒေသ များကတော့ ကချင်အထူးဒေသ(၁)၊ ကချင်အထူးဒေသ(၂)၊ ကိုးကန့်ဒေသ၊ 'ဝ'ဒေသ၊ ရှမ်းဒေသ၊ ကချင်အရှေ့မြောက်ဒေသ၊ ပလောင်ဒေသ၊ ပအိုဝ်းဒေသ၊ ကယားဒေသ၊ မော်ဖဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ မွန်ဒေသ၊ ကရင်ဒေသ၊ တနင်္သာရီဒေသ၊ ရခိုင်ဒေသ၊ ချင်းဒေသ၊ စစ်ကိုင်းတိုင်း ကဘော်ချိုင့်ဝှမ်းဒေသနဲ့ နာဂဒေသတို့ဖြစ်ပါတယ်။

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေတဲ့ ပြည်နယ်ခုနစ်ခု၊ တိုင်းခုနစ်ခုအတွင်းရှိ ဒေသ ၁၈ ခုရဲ့ အကျယ်အဝန်းဟာ ၈၃၄၁၅ဒသမ၃၄ စတုရန်းမိုင်နီးပါး ရှိပါတယ်။ အကျုံးဝင်တဲ့ မြို့နယ်ပေါင်း ၆၈ မြို့နယ်အတွင်း လူဦးရေ ၅ဒသမ၃ သန်းကျော်နေထိုင်ပြီး၊ တိုင်းရင်းသားလူမျိုးစုအနေဖြင့် လူမျိုးစု အားလုံးရဲ့ ၄၆ ရာခိုင်နှုန်းကျော် နေထိုင်ပါတယ်။ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်တဲ့ဒေသတွေလည်း ဖြစ်ပါတယ်။

ဒါကြောင့် စီးပွားရေးကွာဟမှုကို အခြေခံတဲ့ တိုင်းရင်းသားချင်း ပဋိပက္ခပြဿနာတွေလည်း ပြေလည်သင့်မြတ်လာခဲ့ပါတယ်။ ဒီကနေ့ဆိုရင် အစိုးရအဆက်ဆက်ကို ဆန့်ကျင်လာခဲ့ကြတဲ့ တိုင်းရင်းသား တောတွင်း လက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့တို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လက်တွဲလာပြီ ဖြစ်ပါတယ်။ ဒါဟာ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်လာမှုပဲဖြစ်ပါတယ်။ ဥပဒေဘောင်အတွင်းဝင်ရောက်ကြတဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း အသီးသီးတို့ဟာလည်း မိမိတို့ ဒေသဖွံ့ဖြိုးရေးကို တက်ကြွစွာ ပါဝင်ဆောင်ရွက် နေကြပြီဖြစ်ပါတယ်။ ဒါ့အပြင် ကျင်းပဆဲ အမျိုးသားညီလာခံကြီးမှာ ပြည်ထောင်စု ဖွား တိုင်းရင်းသားကိုယ်စားလှယ်များနဲ့အတူ ပါဝင်တက်ရောက်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာရေး သမိုင်းပေး တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေကြပြီ ဖြစ်ပါတယ်။

ဒီကနေ့လို ပြည်ထောင်စုဖွား တိုင်းရင်းသားတောတွင်း လက်နက်ကိုင် အဖွဲ့(၁၇)ဖွဲ့ ဥပဒေဘောင် အတွင်းသို့ ဝင်ရောက်လက်တွဲလာကြတဲ့ အကြောင်း ရင်းကို ဆန်းစစ်ကြည့်မယ်ဆိုရင်–

(၁) တည်ဆဲတပ်မတော်အစိုးရရဲ့ အပြောနဲ့အလုပ်ညီညွတ်သော စေတနာ မှန်ကို ယုံကြည်လက်ခံလာမှု၊

(၂) တိုင်းရင်းသားချင်း သွေးမြေကျ လက်နက်ကိုင်ပဋိပက္ခဆိုးကျိုးတွေ အပေါ် သိမြင်ဆင်ခြင်လာမှု၊

(၃) ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်းသာ ဆိုးတူကောင်းဖက် အေးအတူပူအမျှ သေအတူရှင်မကွာဖြစ်တယ်ဆိုတဲ့ ပြည်ထောင်စု စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်ခိုင်မြဲနေမှု၊

(၄) ပြည်ပမှ သွေးထိုးမြှောက်ပင့်မှုအန္တရာယ်ကို သိမြင်ဆင်ခြင်လာမှု တို့ကြောင့် ဖြစ်ပါတယ်။ ကျန်ရှိနေတဲ့ မြေပေါ်မြေအောက် ပါတီ အဖွဲ့အစည်းများကိုလည်း အခုလို တိုင်းရင်းသားချင်း ပြန်လည် သင့်မြတ်စည်းလုံးလာအောင် နိုင်ငံတော်အစိုးရက ဆက်လက် ကြိုးပမ်းနေဆဲဖြစ်ပါတယ်။

အမျိုးသား သင့်မြတ်စည်းလုံးရေးနဲ့ပတ်သက်လို့ ဒေါက်တာကျော်စိန်ရဲ့ "တို့ချစ်သည့် တို့နိုင်ငံတော်" စာအုပ်နိဂုံးပိုင်းမှာ အခုလိုဖော်ပြထားပါတယ်–

"တို့နိုင်ငံတော်သည် အရှေ့တောင်အာရှတွင် တိုင်းပြည်ကြီး နှစ်ခုကြားမှ တိုင်းပြည်ငယ်လေး တစ်ခုမျှသာဖြစ်သော်လည်း နှစ်ပေါင်း ထောင်ချီ၍ ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနှင့်နေထိုင်ခဲ့သော တိုင်းပြည် ဖြစ်၏။ မြေသြဇာထက်သန်သလောက် သယံဇာတပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံလည်းဖြစ်၏။

တို့နိုင်ငံသားတို့ကား တောင်ပေါ်တောင်အောက်၊ မြစ်ဝှမ်းစသည်ဖြင့် နေရာဒေသ ကွဲပြားကြသော်လည်း အတူတူနေခဲ့သည့် ကာလကား နှစ်ပေါင်းထောင်သောင်းချီခဲ့ပေပြီ။ ထင်ရှားလှသော ကရင်၊ ကယား၊ ကချင်၊ ချင်း၊ မွန်၊ ရခိုင်၊ ဗမာ၊ ရှမ်းတို့အပြင် လူမျိုးစုငယ်အများအပြား ရှိသော်လည်း တို့နိုင်ငံသားအားလုံးမှာ မွန်ဂိုလွိုက်လူမျိုးကြီးမှ ဆင်းသက် လာကြသူများဖြစ်၍ တစ်သွေးတစ်သား တစ်စိတ်၊တစ်ပုံစံတည်း ဖြစ်ကြ ပေသည်။ တို့လူမျိုးစုတွင် ဆံပင်အဝါ မျက်လုံးအပြာမရှိ၊ ဆံပင် အနက်နှင့် မျက်လုံးအညိုချည်းများပေသည်။ တောင်ပေါ်တွင်နေသည် ဖြစ်စေ၊ တောင်အောက်တွင်နေသည်ဖြစ်စေ တို့တစ်တွေသည် သည်မြေမှ ဖွားသည့် သည်မြေသားတွေဖြစ်၏။ သည်ရေကို သောက်၍ သည်မြေပေါ်မှာ ထွန်ယက်စိုက်ပျိုးစားသောက်ခဲ့ကြသည်မှာ နှစ်ပရိစ္ဆေဒရှည်ကြာခဲ့ပေပြီ။ ဆက်လက်၍လည်း သည်မြေမှာနေ၍ သည်မြေပေါ်မှာပင် သေကြမည့်သူ များဖြစ်ကြပေရာ တို့ဘိုးဘွားအမွေအစစ်ဖြစ်သော တို့ပြည်တို့မြေကို တို့တစ်တွေချစ်မြတ်နိုးစွာ ကာကွယ်စောင့်ရှောက်ရမည်မှာ မွေးရာပါ တာဝန်တစ်ရပ်ဖြစ်ပေသည်။"

ဒီကနေ့ဟာ အဲဒီလို တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ အမျိုးသားရေး စိတ်ဓာတ် အပြည့်အဝနဲ့ ဒီမိုကရေစီနိုင်ငံတော်ကို တစ်မျိုးသားလုံး ထူထောင်သွားရမယ့် အချိန်အခါ ဖြစ်ပါတယ်။ အမျိုးသား သင့်မြတ်စည်းလုံးရေး လမ်းမှန်ပေါ်ကို မရောက်သေးတဲ့ ပါတီအဖွဲ့အစည်းများအနေနဲ့ ပြည်ပ အကြံဉာဏ်ယူပြီး ပြည်ပနဲ့တိုင်ပင်ကာ ပြည်ပအလိုကျလမ်းကိုသာ တစ်ဖက် စွန်းလျှောက်လှမ်းနေမှုဟာ အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေးရဲ့ အဆိပ်အတောက်တွေသာ ဖြစ်တယ်ဆိုတဲ့ သင်ခန်းစာကို ယူသင့်ပါပြီ။ ပြည်သူ့အကျိုးကို အမှန်တကယ် သယ်ပိုးချင်တယ်ဆိုရင် အစိုးရလုပ်သမျှကို အဆိုးမြင်နဲ့သာ အစဉ်တစိုက် ကြည့်တဲ့လမ်းစဉ်ကို စွန့်လွှတ်ဖို့ဖြစ်ပါတယ်။ အရာရာကို ပကတိဘာဝနဲ့ကင်းပြီး မရှုမြင်ဖို့ဖြစ်ပါတယ်။

တည်ဆဲတပ်မတော်အစိုးရရဲ့ ပကတိရည်မှန်းချက်ဟာ ဒီမိုကရေစီ နိုင်ငံတော် ထူထောင်ရေးဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတော်ကို ဘယ်လို ထူထောင်မလဲ။ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့ ထူထောင်မယ်။ အခုလို ထူထောင် သွားမှာဖြစ်ပါတယ်။

ပထမအဆင့်– ၁၉၉၆ ခုနှစ်ကစတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက် ရှိသော အမျိုးသားညီလာခံကြီးကိုပြန်လည်ကျင်းပမယ်။ အခုဆိုရင် အမျိုးသားညီလာခံကြီးရဲ့ ပထမပိုင်းကို အောင်မြင်စွာ စတင်ကျင်းပ ခဲ့ပြီး ဖြစ်ပါတယ်။ လာမယ့် ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှာ ဆက်လက်ကျင်းပသွားမယ်။

ဒုတိယအဆင့်– အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးသည့် အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ် များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်မယ်။

တတိယအဆင့်– အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံ ရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ရေးဆွဲမယ်။

စတုတ္ထအဆင့်– ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံး ကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုမယ်။

ပဉ္စမအဆင့်– ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေး အတွက် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပမယ်။

ဆဋ္ဌမအဆင့်– ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ် များဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပမယ်။

သတ္တမအဆင့်– လွှတ်တော်က ရွေးကောက်တင်မြှောက်သော နိုင်ငံတော် အကြီးအကဲများ၊ လွှတ်တော်က ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများက ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်မယ်။

အခုလို မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ဒီမိုကရေစီနိုင်ငံတော် ထူထောင် နေပါပြီဆိုတာကို သိရက်နဲ့ မလိုမုန်းထား ဖျက်လိုဖျက်ဆီး လုပ်နေကြတဲ့ ပြည်တွင်း၊ ပြည်ပအဖျက်အန္တရာယ်ကို တွန်းလှန်တိုက်ဖျက်ပြီး စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် အမြန်ဖြစ်ပေါ်လာရေးအတွက် တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ စုပေါင်းလုံ့လပြု ကြိုးပမ်းသွားကြဖို့ ဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

ဗုဒ္ဓပူဇနီယ ဆီမီး၉၉၀၀အဖွဲ့(အင်းစိန်)က ကြီးမှူး၍ ဒီဇင်ဘာ ၂၉ရက် နံနက်တွင် ညောင်ဦးမြို့ ရွှေစည်းခုံဘုရားကြီးအား ကင်းဝန်မင်းကြီး လှူဒါန်းသည့် ကျောက်သပိတ်တော်ကြီးအပါအဝင် သပိတ်တော် ၅၇လုံးအပြည့်နှင့် ဆွမ်း၊ ရေချမ်း၊ သကြားလုံး၊ မုန့်ဆီကြော်၊ မုန့်လုံးရေပေါ် ၉၉၀၀စီ ကပ်လှူပြီး ညနေပိုင်းတွင် ဆီမီး၊ နံ့သာ ၉၉၀၀စီကပ်လှူပူဇော်ပြီး ဒီဇင်ဘာ ၃၀ ရက် နံနက်တွင် မကွေးမြို့ မြသလွန်စေတီတော်ကြီးအား ဆီမီး၊ နံ့သာ ၉၉၀၀စီ ကပ်လှူပွဲကျင်းပရာ အဖွဲ့နာယက ဦးစိုးဝင်း(စဉ့်ကူစိုးဝင်း)ဥက္ကဋ္ဌနှင့် ဦးဘိုးကြည် (ဒေါက်တာဗိုလ်သံမဏိ–တောင်တွင်းကြီး) တို့က အလှူငွေကျပ် ၃၂၀၀၀ ပေးအပ်ရာ ဘုရားကြီးဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးဘသန်းဦး လက်ခံယူစဉ်။

(က–ပ)

ယောနယ်အသင်း(ရန်ကုန်) နှစ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁၆

ယောနယ်အသင်း (ရန်ကုန်) ၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်း အဝေးကို ဇန်နဝါရီ ၃၀ ရက် တနင်္ဂနွေနေ့ မွန်းတည့် ၁၂ နာရီတွင် အမှတ် ၂၀၂၊ လမ်း ၄၀ ရှိ ယောနယ် အသင်းတိုက်တွင် ကျင်းပမည် ဖြစ် သည်။အစည်းအဝေးတွင် ပညာရည်ချွန် ဆုနှင့် အသက် (၇၀)နှစ်နှင့်အထက် အသင်းဝင်မိဘများအား သက်ကြီး ပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။

အသက်(၇၀)နှစ်နှင့်အထက် အသင်း ဝင်နှင့်မိဘများ၊ ၂၀၀၄ ခု ပညာသင် နှစ်တွင်တက္ကသိုလ်ဝင်တန်း၊တက္ကသိုလ် ဘွဲ့ရ၊ ဒီပလိုမာဖြေဆို အောင်မြင်ကြ သော အသင်းဝင်နှင့် သားသမီးများ သည် အောင်လက်မှတ်၊ သန်းခေါင် စာရင်းနှင့်အတူ လျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်ပြီး ဦးအေးမောင် အမှတ် (၅၂) လမ်း ၃၀၊ ဦးအောင်မြ အမှတ် (၁၄၀) ၃၇ လမ်းတို့သို့ ဇန်နဝါရီ ၂၂ ရက် နောက်ဆုံးထား စာရင်းပေးသွင်းကြရန် နှိုးဆော်ထား သည်။

(က–ပ)

ဗုဒ္ဓပူဇနီယပွဲနှင့် ဆွမ်းဆန်တော်လှူဒါန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက် ဓမ္မသီတဂူအေးရွာကျောင်း တိုက်အတွင်းရှိ ပြည်လုံးချမ်းသာ ဆုတောင်းပြည့်အေးစေတီ ဗုဒ္ဓပူဇနီယပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကို ဆရာတော်ဘဒ္ဒန္တ ဝိသုတ၊ ဘဒ္ဒန္တ ပရမနှင့် ဂေါပက အဖွဲ့တို့ ဦးစီးကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ၁၇ ရက်မှ ၂၁ရက်ထိ တရားပွဲများကျင်းပပြီး ဇန်နဝါရီ ၂၃ရက် နံနက် ၅ နာရီ တွင် ဗုဒ္ဓါဘိသေကမင်္ဂလာကျင်းပကာ မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် မကွေးဆရာတော်အမှူးပြုသော ပင့်သံဃာအပါး၆ဝတို့အား လှူဖွယ်ပစ္စည်းနှင့်ဆွမ်းဆန်တော်လောင်းလှူမည်ဖြစ်သည်။(က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇–၁–၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** –Classification of Plants (ဒုတိယနှစ်–ပထဝီဝင်)
- ၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၆။ **ရုပ်သံလင်းရုပ်မြင်ဇာတ်လမ်း "ငယ်ချစ်ဦး" (အပိုင်း–၂)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မေးမြန်းစုံစမ်း
- ၂၀။ ယနေ့ည အတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရုပ်သံလင်းရုပ်မြင်ဇာတ်လမ်း "ရတနာသိုက်နှင့်ရန်နိုင်ဓား" (အပိုင်း–၃၈)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ဆရာတော် ဒေါက်တာဘဒ္ဒန္တ ဓမ္မပိယအား ဂုဏ်ပြုပူဇော်ပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ကြည်ညို

ရန်ကုန် ဇန်နဝါရီ ၁၆

အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့ ကာလီဖိုးနီးယားတက္ကသိုလ်မှ Nibbana in Theravada Perspective **စာတမ်းဖြင့်** Ph. D (Philosophy) **ဘွဲ့ကို ရရှိတော်မူခဲ့သည့် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယား ပြည်နယ် ဖရီးမောင့်မြို့ မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာ၊ ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ငါးကျမ်းပြန် (ထားဝယ်) သာသနာ့ရိပ်သာနှင့် မန္တလေးမြို့ မေတ္တာနန္ဒဓမ္မဒူတကျောင်းတိုက်တို့၏ ဦးစီး ပဓာန နာယက ဖြစ်တော်မူသော ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဓမ္မပိယ** (သာသနဓဇ ဓမ္မာစရိယ Ph. D) **အား တန့်ဆည်မြို့နယ်အသင်း (ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့က ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဗဟန်း ၃ လမ်းရှိ တန့်ဆည်မြို့နယ်အသင်းတိုက် ဓမ္မာရုံ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။**

အခမ်းအနားတွင် ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနေမိန္ဒထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဂုဏ်ပြုခံဆရာတော်အား အသင်းသား၊ အသင်းသူများ၏ နဝကမ္မလှူဒါန်းငွေများကို အလှူရှင်များကိုယ်စား အသင်းဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပေးအပ်လှူဒါန်းရာ ဆရာတော်၏ကိုယ်စား ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံသည်။

ထို့နောက် ဂုဏ်ပြုခံ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဓမ္မပိယ (သာသနဓဇ ဓမ္မာစရိယ Ph.D) ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းကြသည်။

ဂုဏ်ပြုခံ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဓမ္မပိယ (သာသနဓဇ ဓမ္မာစရိယ Ph. D) သည် စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ် ရွှေနားဒွေးခေါင်းကျေးရွာ ဇာတိဖြစ်သည်။ (သတင်းစဉ်)

အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့ ကာလီဖိုးနီးယားတက္ကသိုလ်မှ Ph.D (Philosophy) **ဘွဲ့ရရှိတော်မူခဲ့သည့် သာသနဓဇ ဓမ္မာစရိယ** Ph.D **ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဓမ္မပိယအား တန့်ဆည်မြို့နယ်အသင်း (ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့က ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားတွင် ဂုဏ်ပြုခံ ဆရာတော်ကိုယ်စား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က နဝကမ္မ အလှူငွေကို လက်ခံစဉ်။** (သတင်းစဉ်)

မြန်မာပီဂျီအေနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ (၁၈)ကျင်း ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

Myanmar PGA **နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍** Rothmans of Pall Mall Myanmar Pte., Ltd. **က အဓိက ကူညီပံ့ပိုးသည့် ၂၀၀၄-၂၀၀၅ ခုနှစ်** Myanmar PGA **နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်** MGF **ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ (၁၈) ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပဲခူးမြို့ ဟံသာဝတီဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။**

ပြိုင်ပွဲ၏ စတုတ္ထနေ့(၁၈)ကျင်း ကစားအပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ IBTC မှ ဒါရိုက်တာ ဦးတင့်ဦးက နေ့အလိုက် Nearest Pin ဆုရရှိသူများအားလည်းကောင်း၊ Professional Golfers ပြိုင်ပွဲတွင် Srixon မှ ဇော်ဇော်လတ်၊ ဇော်ပိုင်ဦးနှင့် စိုးကျော်နိုင်တို့အား မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် ဦးအောင်လှဟန်က အထူးဂုဏ်ပြုဆုကိုလည်းကောင်း၊ MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေးက အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆု Daily Best ရရှိကြသော ဂေါက်သီးရိုက်အားကစားသမားများအား လည်းကောင်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလွင်က Professional Golfers ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု Daily Best ရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများအား လည်းကောင်း ဆုများကို ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးအောင်ကြည်က အမျိုးသမီး Format System (၃၆) ပြိုင်ပွဲတွင် Nett Total ၁၃၂ ချက်ဖြင့် ပထမဆုရ အေးအေးဆန်း၊ Nett Total ၁၃၄ ချက်ဖြင့် ဒုတိယဆုရ ထိုက်ထိုက်၊ Nett Total ၁၃၇ ချက်ဖြင့် တတိယဆုရ ခင်မာညွန့် တို့အား လည်းကောင်း၊ အမျိုးသမီး Scratch Play ပြိုင်ပွဲတွင် Gross ၂၁၆ ချက်ဖြင့် ပထမဆုရ ခင်သူသူ၊ Gross ၂၄၂ ချက်ဖြင့် ဒုတိယဆုရ ထိုက်ထိုက်နှင့် Gross ၂၄၂ ချက်ဖြင့် တတိယဆုရ အေးအေးစန်းတို့အားလည်းကောင်း ဆုများကို ချီးမြှင့်ကြသည်။

ဆက်လက်၍ Rothmans of Pall Mall Myanmar Pte., Ltd. မှ Joint Deputy မန်နေဂျင်း ဒါရိုက်တာ ဗိုလ်မှူးသိန်းအောင် (ငြိမ်း)က အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် စုစုပေါင်း ၂၉၁ ချက်ဖြင့် ပထမရရှိသော ဇော်ဇင်ဝင်း၊ စုစုပေါင်း ၂၉၈ ချက်ဖြင့် ဒုတိယရရှိသော နိုင်နိုင်လင်းနှင့်စုစုပေါင်း ၂၉၈ ချက်ဖြင့် တတိယရရှိသော သိန်းဇော်မြင့်တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)က Professional Golfers ပြိုင်ပွဲတွင် စုစုပေါင်း ၂၈၇ ချက်ဖြင့် ပထမရရှိသော စိုးကျော်နိုင် (Srixon)၊ စုစုပေါင်း ၂၉၁ ချက်ဖြင့် ဒုတိယရရှိသော ဇော်ပိုင်ဦး (Srixon)နှင့် စုစုပေါင်း ၂၉၂ ချက်ဖြင့် တတိယရရှိသော ဇော်ဇော်လတ် (Srixon)တို့အား ဆုများကို ချီးမြှင့်ပြီး ယင်းပြိုင်ပွဲတွင် ပထမရရှိသော စိုးကျော်နိုင် (Srixon) အား ဆုကြေးငွေချက်လက်မှတ်ကို ပေးအပ်သည်။

ဆက်လက်၍ Rothmans of Pall Mall Myanamr Pte., Ltd., မှ Marketing Planning and Development မန်နေဂျာ ဦးကျော်စိုးလွင်က Hanthawaddy Golf and Country Club ကို ဂုဏ်ပြုအမှတ်တရ လက်ဆောင် (Thank You Plaque) ချီးမြှင့်ပေးအပ်ရာ ယင်းဂေါက်ကွင်း ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးလေးမြင့် (ငြိမ်း)က လက်ခံသည်။

ယင်းနောက် Myanmar PGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)အား Rothmans of Pall Mall Myanmar Pte., Ltd. မှ ချီးမြှင့်သော ဂုဏ်ပြု အမှတ်တရလက်ဆောင် (Thank You Plaque) ကို Joint Deputy မန်နေဂျင်း ဒါရိုက်တာ ဗိုလ်မှူးသိန်းအောင်(ငြိမ်း)က ချီးမြှင့်ရာ ဥက္ကဋ္ဌက လက်ခံသည်။

ယင်းပြိုင်ပွဲတွင် Co-Sponsor များအဖြစ် Air Mandalay၊ Myanmar Brewery Ltd၊ Alpine Purified Drinking Water၊ K.M Golf Centre၊ Maruman၊ Tour Stage၊ Wilson၊ Srixon၊ Grandslam (Musing Wear)၊ Accel International Co., Ltd. (CANON)၊ Sunfar Travel and Tour၊ Pan-West(Myanmar)၊ Kasco၊ Ping၊ Eastern-Pro၊ (Pro-Shop) ဆိုင်များနှင့် Hanthawaddy Golf and Country Club တို့က အသီးသီး ထပ်မံ၍ ကူညီပံ့ပိုးကြကာ ယင်းပြိုင်ပွဲ ဖြစ်မြောက် အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း) Professional Golfers **ပြိုင်ပွဲတွင် ပထမရရှိသော စိုးကျော်နိုင်(Srixon) အား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။**
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ဖားသားလဖုန်းကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၆

မန္တလေးမြို့ အထက (၁၄)၊ (ယခင်ဖားသားလဖုန်းကျောင်း) ကျောင်းသားဟောင်းများ၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် (စနေနေ့) ညနေ ၄ နာရီတွင် အိုရီရင်တယ်(လ်)ဟောက်စ် ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ၁၉၆၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ကန်တော့ခံဆရာ၊ ဆရာမကြီးများ ဆက်သွယ်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် မန္တလေးမြို့ ဦးနေဝင်း(သစ်လုပ်ငန်း) ဖုန်း-၀၉-၉၀-၆၀၃၀၅၊ ဦးတော်မိ ဖုန်း-၀၂-၃၄၅၆၆၊ ဦးခင်မောင်သန်း (ကျား) ဖုန်း-၀၂-၆၀၉၈၅ လူထုဦးစိန်ဝင်း ဖုန်း-၀၁-၃၇၅၁၇၇၊ ဦးခင်မောင်ဝင်း (ဇရာဝတီရောင်းဝယ်ရေး) ဖုန်း-၀၉-၅၀၀-၄၆၃၄၊ ၀၁-၂၂၄၇၂၈၊ ဦးစိန်ဝင်း (ချစ်ချစ်) ဖုန်း-၀၁-၆၆၅၆၉၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပေးအပ်

ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း အမှတ်(၂၀၈)နေ ဦးမြတ်ဇင်က အလှူငွေကျပ် တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ အလုပ်အမှုဆောင် ဦးဝင်းနိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

လှိုင်မြို့နယ် အမှတ်(၁၀) အခြေခံပညာ မူလတန်းလွန် ကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မိဘ ဆရာအသင်း နှစ်ပတ်လည် ညီလာခံနှင့် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက်က အဆိုပါကျောင်း၌ကျင်းပရာ တိုင်းအဆင့် ပိုစတာပြိုင်ပွဲတွင် ပထမဆုရ သတ္တမတန်းကျောင်းသူ မနော်ဝါးဝါးအယ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝါဝါခင်က ဆုချီးမြှင့်စဉ်။
(က-ပ)

မြန်မာ ICT ရက်သတ္တပတ်

၂၀၀၅ ခုနှစ်

(၂၁-၁-၂၀၀၅)ရက်မှ (၂၇-၁-၂၀၀၅)ရက်အထိ

MICT Park ၊ ရန်ကုန်မြို့

ဒေသတွင်းတည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေး ယခုထက်ပိုမိုအားထုတ်ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့၌ကျင်းပသည့် ၂၀၀၅ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားတွင် နာဂတိုင်းရင်းသားအကြီးအကဲများအား နိုင်ငံတော်ဝန်ကြီးချုပ်က နာဂတောင်တန်းဒေသများသို့ နှစ်သစ်ကူးမေတ္တာလက်ဆောင်အဖြစ်ပေးအပ်သော လက်ဆောင်ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

✧ ရှေ့ဖုံးမှ

ဗဟိုကော်မတီဝင် ခန္တီးမြို့နယ်မှ ဦးမြတ်ကိုက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် နာဂရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီဝင်များဖြစ်ကြသော လေရှီးမြို့နယ်မှ ဦးကီရှီးမူ၊ လဟယ်မြို့နယ်မှဦးမောင်ဉာဏ်၊ ဟုမ္မလင်းမြို့နယ်မှ ဦးဘခွန်နှင့် နန်းယွန်းမြို့နယ်မှ ဦးဇင်ဝမ်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် ခန္တီးမြို့နယ်မှ ဒေါ်ရှုနားဖိုင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးဆေးဖရှော့တို့ကဆောင်ရွက်ကြပြီး အခမ်းအနားသည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပြီး ညီညွတ်မျှတသောလူ့ဘောင်အဖွဲ့အစည်းကိုတည်ထောင်ထားနိုင်သည်ဆိုသည့် အမျိုးသားရေးစည်းလုံးမှုစွမ်းရည်ကို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း။

ယနေ့ကျင်းပနိုင်ခဲ့သော နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သည်လည်း တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အောင်မြင်အောင် တည်ဆောက်နိုင်သည့် အောင်မြင်မှု အောင်ပွဲတစ်ရပ်ကို သက်သေထူနိုင်သည့် ပွဲတော်တစ်ခုဖြစ်ကြောင်း၊ ဤကဲ့သို့ အသွင်သဏ္ဍာန်ဆောင်သည့် နာဂရိုးရာခန္တီးကားလမ်းအား လည်းကောင်း၊ မုံရွာ-ဟုမ္မလင်း-ခန္တီး ချင်းတွင်းမြစ်ရေကြောင်းလမ်းအား လည်းကောင်း နှစ်စဉ်တိုးတက် မွမ်းမံပြင်ဆင်ခြင်း၊ ဟုမ္မလင်း လေယာဉ်ကွင်းအသစ်တည်ဆောက်ပြီး ခရီးသည်တင်လေယာဉ်များ ပြေးဆွဲနိုင်ခဲ့ခြင်း၊ ခန္တီးလေယာဉ်ကွင်းကိုလည်း တိုးချဲ့ပြင်ဆင်တည်ဆောက်မှုများဆောင်ရွက်နိုင်ခဲ့ခြင်းတို့ဖြင့် ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် နာဂဒေသအတွင်း တိုက်ရိုက်ဆက်သွယ်



စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ခန္တီးခရိုင်လဟယ်မြို့၌ကျင်းပသည့် ၂၀၀၅ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အစီအစဉ်များကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ဖတ်ကြားကြေညာကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးများက ၂၀၀၅ ခုနှစ် နာဂရိုးရာနှစ်သစ်ကူး ပွဲတော်ကို ဖွင့်လှစ်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ပွဲတော်သို့ တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံအားအလေးပြုကြသည်။

ယင်းနောက် သဘာပတိဦးမြတ်ကိုက အဖွင့်အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံ၌ တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်ကြပြီး မိမိတို့၏ ရိုးရာယဉ်ကျေးမှု ရိုးရာအစဉ်အလာများကို မိမိတို့၏ ဘိုးဘွားအစုအဖွဲ့အလိုက်စောင့်ရှောက်ထိန်းသိမ်းခဲ့ကြခြင်း၊ မိမိတို့မြန်မာနိုင်ငံ၏ ရှည်လျားခိုင်မာသော သမိုင်းအစဉ်အလာ တစ်လျှောက်၌ တိုင်းရင်းသားမျိုးနွယ်စု တစ်ခုနှင့်တစ်ခု လေးစားချစ်ကြည်မှု၊ စာနာနားလည်မှု၊ ကြည်ဖြူစွာခွင့်လွှတ်မှုနှင့် အပြန်အလှန် ယုံကြည်လေးစားပြီး တညီတညွတ်တည်းနေထိုင်နိုင်ခဲ့ခြင်းစသည့် အစဉ်အလာကောင်းများ နှစ်သစ်ကူးပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်ကို ကြည့်မည်ဆိုလျှင်-

(၁) တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အထောက်အကူပြုနိုင်ရန်အတွက် နာဂတိုင်းရင်းသားများက တက်တက်ကြွကြွပါဝင် ဆောင်ရွက်ရန်၊

(၂) ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက် သွားရန်၊

(၃) မိမိတို့ ယဉ်ကျေးမှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေးဦးတည်ချက် (၁၂) ရပ်ကိုလည်း တက်တက်ကြွကြွ ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပနေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်ပြည်နယ်နှင့်တိုင်းတစ်ဝန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရာတွင် မိမိတို့၏ ညီအစ်ကိုများဖြစ်သည့်နာဂဒေသကိုလည်း ခေတ်နောက်ကျမကျန်စေဘဲ အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

လမ်းပန်း ဆက်သွယ်ရေးနှင့်ပတ်သက်ပြီး နာဂဒေသကို ပြည်မနှင့်ဆက်သွယ်သွားလာရာတွင် အဓိကကျသော သဏ္ဍာယ်ကျင်း- ဟုမ္မလင်း-သွားလာနိုင်သည့် ခန္တီး-ဆင်သေ-လဟယ်လမ်း၅၃မိုင်၊ ထမံသီ-လေရှီးလမ်း၄၁မိုင်ကိုလည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ငွေကျပ်သိန်းပေါင်းများစွာ အကုန်အကျခံကာကတ္တရာလမ်းအဖြစ် အဆင့်မြင့်တိုးချဲ့ပြင်ဆင် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တောင်ပေါ်နာဂဒေသ ဖွံ့ဖြိုးရေးလမ်းများဖြစ်သည့် လဟယ်-ကြူယမ်းလမ်း၅၃မိုင်၊ လဟယ်-ယမ်းကြီးလမ်း၃၂မိုင်၊ အရီကြိမ်-ထန်ပါခွေလမ်း ၂၈မိုင်၊ ရောင်ကွန်-ကျားဝမ်လမ်း၈မိုင်၊ လေရှီး-ပန်ဆပ်-ဆွမ္မရာလမ်း၃၉မိုင်စသည့် တိုးချဲ့လမ်းခုနစ်လမ်း စုစုပေါင်း၂၈၆မိုင်ကို ဖောက်လုပ်လျက်ရှိပြီး ယနေ့အထိ ၁၆၁မိုင်ခန့် ဖောက်လုပ်ပြီးဖြစ်ကြောင်း၊ ယခုပွင့်လင်းရာသီတွင်လည်း ဖောက်လုပ်ပြီးလမ်းများကို ပြန်လည်ပြုပြင်ခြင်းနှင့် ကျောက်ခင်း/ကတ္တရာခင်းခြင်း လုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း၊ ဖောက်လုပ်ပြီးလမ်းများ ရေရှည်ခိုင်မာစေရန်အတွက် ဒေသခံတိုင်းရင်းသားများကလည်း ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုကြောင်း၊ သို့မှသာ လမ်းပန်းဆက်သွယ်ရေး အမြဲကောင်းမွန်ပြီး ဒေသတွင်း စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

မိမိတို့ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်အကြီးအကဲ၏ စစ်မှန်သည့် သွေးစည်းညီညွတ်မှု ဆန္ဒစေတနာများကြောင့် တစ်ချိန်က တောတွင်းလက်နက်ကိုင်အဖွဲ့အစည်း (၁၇)ဖွဲ့သည် နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိနေရာဒေသ အသီးသီးတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းခွင်တွင်လည်း အားရကျေနပ်ဖွယ် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်နေကြပြီး မည်သည့်ခေတ်၊ မည်သည့်အခါကမျှ မရရှိခဲ့သော နိုင်ငံအတွင်းစည်းလုံးညီညွတ်ခြင်း၊တည်ငြိမ်အေးချမ်းမှုနှင့် နိုင်ငံတော် ဖွံ့ဖြိုး

စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့၌ ကျင်းပသည့် ၂၀၀၅ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားတွင် သဘာပတိ ဦးမြတ်ကို အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိုးတက်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြင့်မားစွာဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နောင်အနာဂတ်တွင် စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းစေရန်အတွက်နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဆိုလျှင် ယင်းမူဝါဒလမ်းစဉ်(၇)ရပ်မှ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပပြုလုပ်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းစဉ်အောင်မြင်ရန် ညီအစ်ကိုနာဂတိုင်းရင်းသားများ အနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ အချို့အင်အားကြီးနိုင်ငံများနှင့် ပြည်တွင်းပြည်ပအဖျက်အမှောင့် သမားများ၏ အနှောင့်အယှက် ပိတ်ဆို့မှုများကြားထဲက နိုင်ငံတော်အနေဖြင့် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စေရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးဖြစ်လာစေရေးတို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ညီအစ်ကိုတော် နာဂတိုင်းရင်းသားများအနေဖြင့် မိမိတို့နိုင်ငံစည်းလုံးညီညွတ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ကို မလိုလားသည့် နိုင်ငံအချို့နှင့် ပြည်တွင်းပြည်ပသစ္စာဖောက် ပုဆိန်ရိုးများ၏ အဖျက်အမှောင့် ဝေဖန်ပြောဆိုမှုများကို နားမယောင်ဘဲ ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ယခုထက် ပိုမိုကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရက တောင်ပေါ်နာဂဒေသအား အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် စေတနာထား ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်ကို သိရှိခံစားနေကြပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ အဘက်ဘက်က အားပေးကူညီနေသည့် အချိန်အခါကောင်းတွင် နာဂတိုင်းရင်းသား ညီအစ်ကိုများအနေဖြင့် ပြည်တွင်းတွင် တည်ရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်း သာယာရေး၊ စည်းလုံးညီညွတ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်း အခြေခံကောင်းများကို အစဉ်ထာဝရ တည်တံ့ခိုင်မြဲတိုးပွားစေအောင် နိုင်ငံတော်နှင့် လက်တွဲခိုင်ခိုင် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင်လည်း နိုင်ငံတော်အစိုးရနှင့်အတူလက်တွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

အမှာစကားပြောကြား

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (စစ်ကိုင်းတိုင်းတာဝန်ခံ) အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်က အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် နာဂတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း၁၀၀ကျော် ပါဝင်သည့် တိုင်းရင်းသားလူမျိုး ပေါင်းစုံဖြင့် ဖွဲ့စည်းထားသော နိုင်ငံတော်ကြီးဖြစ်ကြောင်း၊ စိတ်နှလုံးချမ်းမြေ့ဖွယ်နှင့်ပျော်ရွှင်ဖွယ်ကောင်းသော သာယာအေးချမ်းသည့် အမိနိုင်ငံတော်ကြီး၌ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးသည် နှစ်ပဒိုင္စေ့ဒပေါင်းများစွာကတည်းက တစ်မြေတည်းနေ တစ်ရေတည်းသောက် အေးအတူပူအမျှ ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ တစ်ဦး၏ အကျိုးစီးပွားဆုတ်ယုတ်ပျက်စီးခြင်းကို တစ်ဦးကမပြုဘဲ တစ်ဦး၏ အကျိုးစီးပွား တိုးတက်ကြီးပွားခြင်းကိုသာ တစ်ဦးက လိုလိုလားလား

နှစ်နှစ်သက်သက် ပြုမူဆောင်ရွက်ခဲ့ကြသည့်အပြင် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ရင်းနှီးချစ်ကြည်စွာ ဥမကွဲသိုက်မပျက် နီးနွှယ်ရောယှက်နေခဲ့ကြသည့် အစဉ်အလာ အမွန်အမြတ်တရားများ ဖြစ်ထွန်းခဲ့ခြင်းသည်လည်း ပြည်ထောင်စုစိတ်ဓာတ်၏ အခြေခံဂုဏ်ဒြပ်တစ်ခုပဲ ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်တွင်းပြည်ပ အဖျက်ရန် ဟူသမျှကို ညီနောင်တိုင်းရင်းသားများနှင့်အတူ လက်တွဲပြီး စည်းလုံးညီညွတ်စွာ တွန်းလှန်ဖယ်ရှားကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်၊ နာဂတောင်တန်းဒေသကြီးတစ်ခုလုံး ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ရွှင်လန်းချမ်းမြေ့ပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် နှစ်သစ်ဖြစ်စေရန် ဆုတောင်းကြောင်းဖြင့် ပြောကြားသွားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နာဂတိုင်းရင်းသူ ဒေါ်နွေးနွေးယုအောင်က နာဂရိုးရာ နှစ်သစ်ကူးပွဲတော် ဖြစ်ပေါ်လာပုံ သမိုင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များ စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့၌ကျင်းပသည့် ၂၀၀၅ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်တွင် နာဂတိုင်းရင်းသားအကြီးအကဲများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (စစ်ကိုင်းတိုင်းတာဝန်ခံ) အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့၌ကျင်းပသည့် ၂၀၀၅ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းသား ညီအစ်ကိုမောင်နှမ အချင်းချင်း ရင်းနှီးချစ်ကြည်စွာ ဥမကွဲ သိုက်မပျက် နီးနွှယ်ရောယှက်နေခဲ့ကြသည့် အစဉ်အလာ အမွန်အမြတ်တရားများ ဖြစ်ထွန်းခဲ့ခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်၏ အခြေခံဂုဏ်ဒြပ်တစ်ခုဖြစ်။

ဆက်လက်၍ နှစ်သစ်ကူးလက်ဆောင် ပေးအပ်ခြင်း အစီအစဉ်ကို ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား နာဂရိုးရာ ယဉ်ကျေးမှု ဗဟိုကော်မတီနာယက ဦးလှဖေက နှစ်သစ်ကူး ဂါရဝပြု လက်ဆောင်အဖြစ် နာဂရိုးရာခြုံထည်ကို လွှမ်းခြုံပေးသည်။

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးအား နာဂအကြီးအကဲ ဦးဟတ္တိက နှစ်သစ်ကူး ဂါရဝပြုလက်ဆောင်အဖြစ် နာဂရိုးရာ ခြုံထည်ကို လွှမ်းခြုံပေးသည်။

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများအား နာဂတိုင်းရင်းသား အကြီးအကဲများက နှစ်သစ်ကူးဂါရဝပြုလက်ဆောင်အဖြစ် နာဂရိုးရာခြုံထည်များကို လွှမ်းခြုံပေးကြသည်။

နှစ်သစ်ကူးလက်ဆောင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက နာဂတောင်တန်းဒေသများသို့ နှစ်သစ်ကူး မေတ္တာလက်ဆောင်အဖြစ် ပေးအပ်သော ရုပ်မြင်သံကြားစက်နှင့် ဂြိုဟ်တု စလောင်းလေးစုံတို့ကို နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပေးအပ်ရာ လဟယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်း၊ လေရှီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွန်း၊ နန်းယွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇင်ဝမ်နှင့် နာဂရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီဝင် ဦးနောင်ခွန်တို့က အသီးသီး လက်ခံယူကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ပေးပို့လှူဒါန်းသော ခြုံစောင် ၁၅ထည်နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက လှူဒါန်းသော ခြုံစောင်ငါးထည် စုစုပေါင်း ခြုံစောင်အထည် ၂၀ တို့ကို အတွင်းရေးမှူး(၁)ကိုယ်စား စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် သာအေးက လဟယ်မြို့နယ်၊ လေရှီးမြို့နယ်နှင့် နန်းယွန်းမြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ပေးအပ်လှူဒါန်းရာ ခန္တီးခရိုင် သာသနာရေးဦးစီးမှူး ဦးမျိုးသူရက လက်ခံယူသည်။

ထောက်ပံ့လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က နာဂတိုင်းရင်းသားများ အတွက် ပညာရေး ငွေပဒေသာပင် အဖြစ် ငွေကျပ်ငါးသိန်း၊ ကျန်းမာရေး ဆေးပဒေသာပင်အဖြစ် ငွေကျပ် ငါးသိန်း၊ခြုံထည် ၁၅ထည်၊ကက်ဆက် ၁၅လုံး၊ အဝတ်အထည် နှစ်ထုပ်၊ ပေါက်ပြားအလက် ၅၀၀၊ ဂျာကင် အထည် ၂၀၊လည်ဆွဲပုတီးအကုံး၃၃၁၀ နှင့် ရောင်စုံပုတီးများကို ထောက်ပံ့လှူဒါန်းရာ လဟယ်မြို့နယ်မှ တာဝန်ရှိသူများ၊ နာဂအကြီးအကဲများ နှင့် မြို့နယ် နာဂရိုးရာအကအဖွဲ့ ခေါင်းဆောင်များက လက်ခံယူကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် သာအေးက နာဂရိုးရာ နှစ်သစ်ကူး ပွဲတော် ကျင်းပနိုင်ရေးအတွက် ဆန်နှင့် စားသုံးဆီ စသည့် ပံ့ပိုးပစ္စည်းများ၊ ခြုံထည်များကို နာဂရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီ နာယက ဦးလှဖေနှင့် နာဂအကြီးအကဲ ဦးဝါလိုတို့အား လည်းကောင်း၊လေရှီးမြို့နယ် ဝန်ထမ်းများ သွားလာမှု အဆင်ပြေစေရေး အတွက် မော်တော်ယာဉ်တစ်စီးကို လေရှီးမြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား လည်းကောင်း ထောက်ပံ့ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (စစ်ကိုင်းတိုင်း တာဝန်ခံ) အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများအား ရုပ်မြင်သံကြားစက် တစ်လုံးစီ၊ နာဂရိုးရာပွဲတော် ကျင်းပရေး ပွဲတော်ရန်ပုံငွေအတွက် ငွေကျပ် သုံးသိန်း၊ လေရှီးမြို့နယ်ရှိ ဥရုဝေလ ဘုရား အုတ်တံတိုင်းကာရံခြင်းအတွက် ငွေကျပ်နှစ်သိန်း၊ နန်းယွန်းမြို့နယ်၊ လေရှီးမြို့နယ်နှင့် လဟယ်မြို့နယ် တို့အတွက် အဝတ်အထည်များနှင့် ဆားအိတ်များ၊ စောင်အထည် ၂၀၀နှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က နာဂတိုင်းရင်းသားများအတွက် လက်ဆောင်အဖြစ် ရုပ်မြင်သံကြားစက် သုံးလုံး၊ တီဗွီအင်တာနာနှင့် စောင်များ၊ တဘက်များ၊ စာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ရာ လဟယ် မြို့နယ်၊ နန်းယွန်း မြို့နယ်နှင့် လေရှီး မြို့နယ်တို့မှ တာဝန်ရှိသူများက လက်ခံယူကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက ခန္တီးခရိုင်အတွင်း သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် ၁၅သိန်း၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းထားသော သင်္ကန်း၊ ဖိနပ်နှင့် ဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်း ပြုပြင်ရန် အတွက် ဆောက်လုပ်ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ခရိုင်သာသနာရေးဦးစီးမှူး ဦးမျိုးသူရက လက်ခံယူသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက အလှူငွေများ၊ လက်ဆောင်ပစ္စည်းများကို နာဂတိုင်းရင်းသား အကြီးအကဲများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအား အသီးသီး ပေးအပ်ကြသည်။

ထို့နောက် ကမ္ဘာလှည့် ခရီးသည်များက နာဂရိုးရာ ယဉ်ကျေးမှုအက အဖွဲ့များသို့ ငွေကျပ် နှစ်သိန်း ငါးသောင်းကို လက်ဆောင်အဖြစ် ပေးအပ်ရာ နာဂတိုင်းရင်းသား အကအဖွဲ့ခေါင်းဆောင်သုံးဦးတို့က လက်ခံယူကြသည်။

ဂုဏ်ပြုဆုများချီးမြှင့်

ဆက်လက်၍ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် လဟယ် မြို့နယ်နှင့် လေရှီးမြို့နယ်တို့မှ ကျောင်းသား၊ ကျောင်းသူများအား နယ်မြေခံတပ်ရင်း တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီး ရှုစံကြူးက ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး ၂၀၀၅ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ် သာအေးနှင့်အဖွဲ့ဝင်များ၊ ကမ္ဘာလှည့် ခရီးသည်များအား နာဂတိုင်းရင်းသား တိုင်းရင်းသူများက နာဂရိုးရာ အစားအစာများဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ထို့နောက် နာဂတိုင်းရင်းသား တိုင်းရင်းသူများက နာဂရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည်။

၂၀၀၅ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အောင်မြင်ခြင်းအထိမ်းအမှတ် မီးပုံပွဲကို ည ၇နာရီတွင် လဟယ်မြို့ ရိုးရာအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ် သာအေးနှင့်အဖွဲ့ဝင်များ၊ နာဂရိုးရာ ယဉ်ကျေးမှု ဗဟိုကော်မတီဝင်များ၊ နာဂတိုင်းရင်းသား အကြီးအကဲများ၊ နာဂတိုင်းရင်းသား တိုင်းရင်းသူများ၊ ရိုးရာယဉ်ကျေးမှုအက အဖွဲ့ဝင်များနှင့် နိုင်ငံပေါင်းစုံမှ ကမ္ဘာလှည့်ခရီးသည်များ တက်ရောက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ် သာအေးနှင့် အဖွဲ့ဝင်များသည် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် မကျင်းပမီ နံနက်ပိုင်းတွင် ပွဲတော်အထိမ်းအမှတ် အဖြစ် ဖွင့်လှစ်ထားသည့် နာဂရိုးရာ ယဉ်ကျေးမှု ဗဟိုကော်မတီ၏ နာဂရိုးရာ အမှတ်တရပစ္စည်းအရောင်းဆိုင်၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ပြခန်း၊ လဟယ်မြို့ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း၏ စိုက်ပျိုးရေးပြခန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနပြခန်း၊ ကျန်းမာရေး ပညာပေး ပြခန်း၊ လဟယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အခမဲ့ဆေးပေးခန်းနှင့် လဟယ်မြို့နယ် ကျန်းမာရေးဦးစီးဌာန၏ အထူးကုဆေးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် အားကစားပြိုင်ပွဲအဖြစ် နံနက်ပိုင်းမှ ညနေပိုင်းအထိ မီနီမာရသွန်၊ဘော်လီဘော၊ပိုက်ကျော်ခြင်း၊ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်၊ ခေါင်းအုံးရိုက်နှင့် လွန်ဆွဲပွဲများကို ကျင်းပရာ နာဂတိုင်းရင်းသား၊ တိုင်းရင်းသူ အားကစားမောင်မယ်များ ပါဝင်ယှဉ်ပြိုင်ကြပြီး အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့်က ပြိုင်ပွဲများကို လှည့်လည် ကြည့်ရှုအားပေးသည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ပညာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျွမ်းကျင်ပညာရှင်အဆင့်၊ အခြေခံကျောင်းများ စာပေ အနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီသည် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး ဦးတည်ချက်များနှင့်အညီ ကျွမ်းကျင်ပညာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ဝန်ကြီးဌာနအသီးသီးအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရန် သတ်မှတ်ထားသော ဆောင်းပါးခေါင်းစဉ်မှာ ရာစုသစ်နှင့် တပ်မတော် ဖြစ်သည်။ ဆောင်းပါးရေးသားရာတွင် ပေးထားသော ခေါင်းစဉ်နှင့် ကိုက်ညီခြင်း၊ အကြောင်းအရာအချက်အလက် ပြည့်စုံခြင်း၊ အရေးအသားရှင်းလင်းပြေပြစ်ခြင်း၊ သတ်ပုံသတ်ညွှန်း မှန်ကန်ခြင်း၊ အစီအစဉ်ကျခြင်း အင်္ဂါရပ်များနှင့် ညီညွတ်အောင် ရေးရမည့်အပြင် စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်း ရေးသားရမည် ဖြစ်သည်။

ပြိုင်ပွဲဝင်သူများသည် မိမိတို့ကိုယ်တိုင်ရေးသားသော စာမူဖြစ်ကြောင်း၊ အခြားပြိုင်ပွဲများ၌ ဆုရရှိထားသည့်စာမူ ၊ ပုံနှိပ်ဖော်ပြဖူးသည့်စာမူမဟုတ်ကြောင်း ကိုယ်တိုင်ဝန်ခံချက်၊ ပြိုင်ပွဲဝင်သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းချုပ်နှင့် ရောင်စုံဓာတ်ပုံ(၂ လက်မခွဲ x ၂ လက်မအရွယ်)နှစ်ပုံတို့ကို ပူးတွဲပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ယှဉ်ပြိုင်လိုသည့် ဝန်ကြီးဌာန အသီးသီးအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ဆရာမများသည် ယှဉ်ပြိုင်မည့်ဆောင်းပါးကို ဖေဖော်ဝါရီ ၁၅ရက်(အင်္ဂါနေ့) နောက်ဆုံးထား၍ လုပ်ငန်းကော်မတီ အတွင်းရေးမှူး အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်ထံသို့ တိုက်ရိုက်ပေးပို့ယှဉ်ပြိုင်နိုင်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁-၂၀၀၅ (တနင်္လာနေ့)

[၁၃၆၆ခုနှစ် ပြာသိုလဆန်း(၈)ရက်(ဥပုသ်နေ့)]

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈:၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၅ ၇။ စွန်ချောင်းရေလှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅:၁၅ ၆။ အကပဒေသာ
၅:၂၅ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး
၅:၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ အဆိုအကများ
၅:၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆:၀၀ ၁၀။ Discovery.
၆:၀၅ ၁၁။ **"မင်းမသိသေးပါဘူးကွာ" (ဇာတ်ညွှန်းပြောကြော်၊ချစ်စရာ၊ ကြူကြူသင်း၊အေးအေးခိုင်) (ဒါရိုက်တာ-ဆွေဇင်ထိုက်)**
၆:၁၅ ၁၂။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဝူခုန်း" (အပိုင်း-၅၉)**
၆:၃၀ ၁၃။ ညနေခင်းသတင်း
၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၅။ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ (ပထမနေ့) (မွန်းလွဲပိုင်းအစီအစဉ်) (၉-၁၂-၂၀၀၄)
၇:၃၅ ၁၆။ ပန်းပျိုးလက် ပန်းချီပြပွဲ
၇:၄၅ ၁၇။ ပထမအကြိမ် အရှေ့တောင် အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲ (အပိုင်း-၂)
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သံစဉ်မဲ့ချစ်သူ" (အပိုင်း-၃၀)**
၂၂။ **မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာ ပွားများခြင်းတရားတော်**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

ဧရာဝတီတိုင်းဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် နွေစပါးစိုက်ခင်းများ ရေရရှိရေး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၆

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၈ရက်က ပုသိမ်မြို့နယ် ငဝန်မြစ် အနောက်ဘက်ခြမ်း ပုသိမ်တံတားချဉ်းကပ်လမ်းဘေးရှိ ကြောင်ပန်းကုန်းကျေးရွာအုပ်စုမှ တောင်သူဦးတင်ညွန့်၏ ရေကျနောက်စိုက် မနောသုခ နွေစပါးစိုက်ခင်းတွင် ဒေသခံတောင်သူများ စုပေါင်း၍ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာပေါင်းစပ်ကြဲပက်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးအားပေးသည်။

မှာကြား

ရှေးဦးစွာ တိုင်းမှူးနှင့် အဖွဲ့အား ကွင်းစပ်ရှိ ယာယီရှင်းလင်းဆောင်တွင် ပုသိမ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်က မြို့နယ်အတွင်း နွေစပါးစိုက်ဧကလျာထားချက်နှင့် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ တိုင်းမှူးက တောင်သူများအား နွေစပါးစိုက်ပျိုးရာတွင် လိုအပ်သည်များကို မိမိတို့အနေဖြင့် တတ်နိုင်သမျှ ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ဓာတ်မြေသြဇာရရှိရေး၊ စက်သုံးဆီချွေတာရေး၊ စိုက်ပျိုးရာတွင် တောင်သူများ အဆင်ပြေရေးအတွက် လိုအပ်သည့်ရေကို နှတ်သွင်းဆောင်ရွက်နိုင်ရန် တူးဖော်ပေးလျက်ရှိရာ တောင်သူများ အနေဖြင့် နိုင်ငံတော်၏စေတနာကို နားလည်သဘောပေါက်ပြီး တာဝန်ကျေပွန်အောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ကွင်းအတွင်း ရှင်သန်ဖြစ်ထွန်းလျက်ရှိသော စပါးစိုက်ခင်းများအား လည်းကောင်း၊ ကူဘိုတာစက်ဖြင့် ရေတင်နေမှု၊ ပုသိမ်စက်မှုဇုန်မှ ထုတ်လုပ်သည့်ခြေနင်းရေတင်ကိရိယာ၊ လက်လှည့်ရေတင် ကိရိယာဖြင့် ရေတင်နေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးသည်။ **(ယာပုံ)**

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ပုသိမ်တံတား ချဉ်းကပ်လမ်းတစ်လျှောက် လမ်းဘေးဝဲယာတွင် ဖြစ်ထွန်းရှင်သန်လျက်ရှိသော နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ချောင်းသာလမ်းဆုံမှ သာပေါင်းမြို့ထိ ကျောက်ခင်းလမ်းအား ယာဉ်၊ စက်ယန္တရားများဖြင့် လမ်းသားမြှင့်တင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်သည်များ မှာကြားကြောင်း သိရသည်။

(ဧရာဝတီတိုင်း)



နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၁၄)ကြိမ်မြောက် စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ဒုတိယနေ့ပြိုင်ပွဲအဖြစ် ယနေ့နံနက် ၇နာရီ တွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲများ မစတင်မီ ပန်းဘဲတန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသူ၊ ကျောင်းသားလေးများ ပါဝင်သော ဘင်ခရာအဖွဲ့များက စစ်ချီတေးများ၊ အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြ ဂုဏ်ပြုဖျော်ဖြေကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ တပ်မတော်ဆေးတက္ကသိုလ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ အမှတ်(၆) အခြေခံလေ့ကျင့်ရေးတပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းများ ယှဉ်ပြိုင်ကြသည်။

ထိုသို့ ယှဉ်ပြိုင်ရာတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက တူယှဉ်ကာတိုက်စို့၊ တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ တပ်မတော်ဆေးတက္ကသိုလ် ကိုယ်စားပြု စစ်တီးဝိုင်းက တူယှဉ်ကာတိုက်စို့၊ အေးချမ်းဖွံ့ဖြိုးအလှတိုးရန် ဒို့တပ်မတော်အားမာန်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော် စစ်ချီတေးဖြင့်လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက ဒို့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ် (၆) စစ်အခြေခံလေ့ကျင့်ရေးတပ်ကိုယ်စားပြုစစ်တီးဝိုင်းက ထာဝစဉ်နှပျိုနေတဲ့ ဒို့တပ်မတော်၊ အောင်ပွဲရတဲ့ ဒို့စစ်သည်၊ မျိုးချစ်ဇာနည် စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ ထာဝစဉ်နှပျိုနေတဲ့ဒို့တပ်မတော်၊ တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက တူယှဉ်ကာ တိုက်စို့၊ ကျန်ရှိသေးသော တာဝန်တစ်ရပ် စစ်ချီတေးများဖြင့် လည်းကောင်း သရုပ်ဖော်ပြကွက်များဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက အလှသရုပ်ပြ တီးမှုတ် ဖျော်ဖြေကြသည့် ပန်းဘဲတန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပသည့် (၁၄)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲသို့ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ အမှတ်ပေး အကဲဖြတ်အဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိ၊စစ်သည်များနှင့် မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ၂၀၀၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်း ပြိုင်ပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲတွင် အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ အာရှ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Abdul Halim Bin Kader အမှာစကားပြောကြားစဉ်။(ကြေးမုံ)

အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲ (၂၀၀၅) မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ပထမအကြိမ်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမအကြိမ်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲ (၂၀၀၅) ပြိုင်ပွဲနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ် ကုန်းဘောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ရှင်းလင်းပွဲသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အာရှ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Abdul Halim Bin Kader၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ - နိုင်ငံခြားသတင်းထောက်များ အသင်းဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် သတင်းထောက်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ အာရှ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်က အဖွဲ့ချုပ်၏ ဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း၊ ပြိုင်ပွဲနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်က အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌထံ အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ချီးမြှင့်မည့် တံခွန်စိုက်ဆုဖလားကြီးကို လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမအကြိမ် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲ(၂၀၀၅) ပြိုင်ပွဲကို ရန်ကုန်မြို့ သဃ်ဃန်းကျွန်းမြို့နယ်ရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ (၁) (သုဝဏ္ဏ)၌ ဖေဖော်ဝါရီ ၁၈ရက်မှ ၂၅ရက်အထိ ခမ်းနားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲသို့ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ကာတာ၊ ဆွစ်ဇာလန်၊ ကနေဒါ၊ အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ၊ ဘာရိန်း စသည့် နိုင်ငံများမှ ပိုက်ကျော်ခြင်း အသင်းများ အပါအဝင် ပြိုင်ပွဲဝင် ပိုက်ကျော်ခြင်းအသင်းပေါင်း ၂၆သင်းကို အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်က ဆက်သွယ်အကြောင်းကြားထားသည်။ (ကြေးမုံ)

မိုးသတိပြု

ပုဂံ-ညောင်ဦးမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁၆

ပုဂံ - ညောင်ဦး မြို့နယ်အသင်း (ရန်ကုန်)၏နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၆ရက် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ကြားတောရလမ်းရှိ မှန်ကျောင်းဓမ္မသုခကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ အသက် (၇၅)နှစ်နှင့်အထက် ဘိုးဘွားစာရင်း၊ ၂၀၀၄-ခုနှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ အသင်းဝင်များ၏ သားသမီးများ စာရင်းကို ဦးဘစော (နာယက) ဖုန်း- ၂၀၀၄၆၈၊ ဦးသိန်းအောင်(ဥက္ကဋ္ဌ) ဖုန်း-၅၇၇၇၀၂၊ ဒုတိယဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူး၊ နယ်စပ်စည်ပင် ရုံး ဖုန်း-၂၄၀၈၇၇တို့ထံ ဇန်နဝါရီ ၂၃ရက်နောက်ဆုံးထား၍ အမှတ်စာရင်းနှင့်တကွ ပေးပို့ရန်နှင့် အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားနိုးဆော်ထားသည်။(က-ပ)

အာဆီယံ အင်ဂျင်နီယာညီလာခံတွင် ကူညီခဲ့ကြသူများအား ဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပပြုလုပ်ပြီးစီးခဲ့သော (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီခဲ့ကြသော အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲကို ယမန်နေ့ညနေ ၆နာရီခွဲက ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန မြက်ခင်းပြင်၌ ကျင်းပသည်။

တက်ရောက်

ဂုဏ်ပြုပွဲသို့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနာယကများ၊ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်နှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၊ ညီလာခံဖြစ်မြောက်ရေး ကော်မတီဝင်များ၊ အကူအညီပေးခဲ့ကြသော အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်နှင့် အထွေထွေအတွင်းရေးမှူး ဦးသန်းမြင့်တို့က ကျေးဇူးတင်ဂုဏ်ပြုစကားများ ပြောကြားပြီးနောက် ဒေါ်ဆွေဇင်ထိုက်၊ မျိုးဆက်သစ်အင်ဂျင်နီယာအဖွဲ့ကိုယ်စားလှယ် ဦးရဲမြတ်ထူးနှင့် ဒေါ်အေးအေးမြင့်တို့က အမှတ်တရစကားများ ဆက်လက်ပြောကြားသည်။ ထို့နောက် အမှတ်တရပစ္စည်းများ ပေးအပ်ကာ တေးသံသာများဖြင့် သီဆိုဖျော်ဖြေပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ (က-ပ)

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ဇန်နဝါရီ ၁၅ရက်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနနှင့် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)တို့မှ ရန်ကုန်မြို့တော်ကြီး သန့်ရှင်းလှပစေရန် ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းတစ်လျှောက် အမှိုက်များရှင်းလင်းခြင်း၊ ရေမြောင်းများရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဌာနမှူး ဦးလင်းထွန်းမြင့်နှင့် ဦးဗိုလ်ဌေးတို့က လုပ်ငန်းဆောင်ရွက်နေမှုများကိုရှင်းလင်းတင်ပြကြစဉ်။(၁၉)

တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် လေ့လှော်အင်းကျေးရွာအနီးရှိ သန်းတိုးအောင် ပုဂ္ဂလိက ဝက်မွေးမြူရေးစခန်းနှင့် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန်များသို့ သွားရောက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ် မြင့်ဆွေနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် နံနက် ၁၀ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် လေ့လှော်အင်းကျေးရွာအနီးရှိ သန်းတိုးအောင် ပုဂ္ဂလိက ဝက်မွေးမြူရေးစခန်းသို့ရောက်ရှိလာရာ စခန်းဧည့်ခန်းမ၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်က ကြက်နှင့်ဝက်မွေးမြူရေး လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး နည်းပညာပေး ပံ့ပိုးလျက်ရှိသည့် အခြေအနေ၊ သားပေါက်ကောင်ရေနှင့် အသားတိုးနှုန်း ကောင်းမွန်စေရေးနှင့် ရောဂါကာကွယ်ကုသရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့က မွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ရောဂါပိုးမွှားများ မကျရောက်စေရေး ကြိုတင်ကာကွယ်ခြင်း၊ အချိန်မီကုသခြင်းစသည့် နည်းလမ်းများဖြင့် ဂရုတစိုက် ထိန်းသိမ်းမွေးမြူသွားကြရန်နှင့် တာဝန်ရှိသူများက လိုအပ်သည့်ရောဂါကာကွယ်ကုသရေး ဆိုင်ရာ နည်းပညာရပ်များ ပံ့ပိုးသွားကြရန် မှာကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့်အဖွဲ့သည် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်သို့ ရောက်ရှိကြပြီး အထူးဇုန်(၂) အကွက်အမှတ်(၂၆၂)၌ ငရုတ်သီးနှင့် ဟင်းသီး ဟင်းရွက်များစိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ အထူးဇုန်(၁) အကွက်အမှတ် (၆၅-အေ)ဦးမင်းစိုး၏ ဒေသကြက်မွေးမြူရေးခြံ၌ ဒေသကြက်ကောင်ရေ ၃၀၀ ကျော်မွေးမြူဖြစ်ထွန်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ အကွက်အမှတ်(၇၄-၇၅) ဦးကျော်ကျော်၏ မုန်လာစိုက်ခင်း၌ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် မုန်လာခင်းနှင့် ပြင်ပသို့ ရောင်းချနိုင်ရေး ပြင်ဆင်ထားရှိသည့် အခြေအနေများကိုလည်းကောင်း ကြည့်ရှုအားပေးကြရာ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ငါးမွေးမြူရေးဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းအုပ်ချုပ်ရေးမှူးဦးလှစိုးနှင့် ဇုန်တာဝန်ခံများက လိုက်လံရှင်းလင်းပြသကြသည်။

ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေး အထူးဇုန်ကြီး၌ ဝန်ကြီးဌာနများ၊ တိုင်းရင်းသားစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များက တိုင်ထောင်ပဲ၊ တိုင်လွတ်ပဲ၊ မုန်လာဥ၊ မုန်ညင်း၊ ကညွတ်၊ ဖူးစားပြောင်း၊ ဟင်းစားပြောင်း၊ ဘူး၊ သခွား၊ ဖရုံ၊ ခရမ်းအစရှိသည့် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးလျက်ရှိရာ ယနေ့အထိ ၅၄၉၅ ဧက စိုက်ပျိုးထားရှိပြီး အသားစားကြက်နှင့် ဥစားကြက် ၁၃ သိန်းကျော် မွေးမြူထားရှိပြီးဖြစ်သည်။ ငါးမွေးမြူရေး လုပ်ငန်းအနေဖြင့် ငါးကန် ၅၁၅ ဧက တူးဖော်ထားရှိပြီး ငါးမျိုးစုံကောင်ရေ ၁၃ သိန်းကျော် မွေးမြူထားကြောင်း သိရသည်။

(သတင်းစဉ်)

သရက်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၆

သရက်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း တောင်ဘက်မုခ် သစ်လုပ်ငန်းဓမ္မာရုံ၌ ကျင်းပမည်။ ၂၀၀၄ခုနှစ်တွင် အသက်(၇၅)နှစ်ပြည့်ပြီး အသင်းဝင်များ၏ မိဘများစာရင်းနှင့် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူများ စာရင်းကို ဦးမြတ်ထွန်း ဖုန်း-၂၄၆၆၆၀၊ ဦးသိန်းဇော် ဖုန်း-၇၂၉၈၈၀၊ ဒေါ်မြမိုးနှင်း၊ ဒေါ်အေးညွန့်သွင် ဖုန်း-၆၄၂၃၉၃၊ ဦးမိုးခိုင် ဖုန်း-၅၇၀၀၈၁၊ ဦးအုန်းမောင်(အောင်ဓမ္မာရုံ မဟာဗန္ဓုလပန်းခြံအထက်)၊ ဗိုလ်မှူးစန်းအောင်(ငြိမ်း) ကမ်းနားလမ်း ရွှေဘုံသာလမ်း ဖုန်း-၀၆၈-၂၁၃၇၁တို့ထံ ဆက်သွယ်စာရင်းပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ထေရဝါဒဗုဒ္ဓသာသနာပြု ရဟန်းတော်များ သင်တန်းအမှတ်စဉ်(၁၅) ဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၁၆

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယဆရာတော်များအဖွဲ့၏ ကြီးကြပ်မှုဖြင့် သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ကမ္ဘာအေးကုန်းမြေ၌ ထေရဝါဒဗုဒ္ဓသာသနာပြု ရဟန်းတော်များ သင်တန်းအမှတ်စဉ်(၁၅)နှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေးသင်တန်း အမှတ်စဉ်(၆)ကို ဖေဖော်ဝါရီ ၇ ရက်မှ မတ် ၇ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ရာ နယ်စပ်နှင့် တောင်တန်းဒေသများတွင် သာသနာပြုတာဝန် ထမ်းဆောင်လျက်ရှိပြီး သာသနာပြုရဟန်းတော်သင်တန်း မတက်ရသေးသော သာသနာပြု ရဟန်းတော်များသည် သင်တန်းတက်ရောက်ရန်အတွက် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ပြည်တွင်းသာသနာပြုဌာနခွဲသို့ ဖေဖော်ဝါရီ ၅ ရက်အရောက် သတင်းပို့ကြရမည် ဖြစ်ကြောင်းနှင့် သာသနာပြုရဟန်းတော်အဖြစ် လျှောက်ထားလိုသော ငါးဝါနှင့်အထက် အလတ်တန်း အောင်ပြီးသော ရဟန်းတော်များသည် ပြည်တွင်းသာသနာပြုဌာနခွဲသို့ ကြွရောက်ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။(သတင်းစဉ်)

ပခုက္ကူအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ပခုက္ကူအသင်း(ရန်ကုန်)၏ ၂၀၀၄ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ၂၀၀၅ အသင်းအလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပခုက္ကူအသင်းဝင်များ၏ ၂၀၀၃-၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရှင် သား၊ သမီးများနှင့် ၂၀၀၄ခုနှစ် ဆို၊က၊ရေး၊တီး ပြိုင်ပွဲဆုရ အသင်းဝင်များ ဂုဏ်ပြုပွဲနှင့်အတူ ဇန်နဝါရီ ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရွှေတိဂုံဘုရားမြောက်ဘက်မုခ် ပခုက္ကူဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၄ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် အသက် (၇၅)နှစ်ပြည့်ပြီး အသင်းဝင်များ၏ ဂုဏ်ထူးရ သား၊ သမီးများသည် ဇန်နဝါရီ ၂၃ရက် နောက်ဆုံးထား၍ ဦးအောင်မြင့်သိန်း ဖုန်း-၅၃၅၄၉၆၊ ဒု-ဥက္ကဋ္ဌ ဦးမျိုးဆန်း ဖုန်း-၃၈၃၈၅၇၊ ဦးသန်းမြင့် ဖုန်း-၆၄၂၄၄၅၊၆၄၂၉၃၀၊ အတွင်းရေးမှူး ဦးချစ်လှိုင် ဖုန်း-၃၇၂၃၃၀ တို့ထံ အထောက်အထား မိတ္တူများနှင့် စာရင်းပေးပို့ပါရန်နှင့် နှစ်စဉ် ကန်တော့ခံ ပုဂ္ဂိုလ်များနှင့် ပခုက္ကူ နယ်သူ၊ နယ်သားများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အသင်းမဝင်ရသေးသူများ အသင်းဝင်နိုင်ကြောင်း အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရှိရသည်။ (က-ပ)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်များလှူ

ရန်ကုန် ဇန်နဝါရီ ၁၆

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ငန်းချောင်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းဝင်းအတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များကကြီးကြပ်၍ ကိုယ့်အားကိုယ်ကိုး ပညာရတနာစာကြည့်တိုက်ဖွင့်လှစ်ပြီး စာအုပ် စာနယ်ဇင်းများ အလှူခံစုဆောင်းလျက်ရှိရာ ဗဟန်းမြို့နယ် ဆရာစံမြောက် အနောက်ရပ်ကွက် သီရိဂုဏ်ရည်ခြံ အမှတ်(၄၂/၇)နေ စာရေးဆရာ တက္ကသိုလ်ဘုန်းမောင်၊ စာရေးဆရာမ စောသန္တာထွန်း၊ သမီး စောသဥ္ဇာထိုက်မိသားစုက ကိုယ်တိုင်ရေးဝတ္ထုများ၊ ဘာသာပြန်ဝတ္ထုများနှင့် အခြား ဝတ္ထုများ၊ မဂ္ဂဇင်းများ၊ ဂျာနယ်များ စုစုပေါင်း သုတ/ရသ စာအုပ် ၁၀၀ကို ပညာရတနာ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီကိုယ်စား Heaven Garden Int'l Travels & Tours Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဇော်နိုင်ထံ ဇန်နဝါရီ ၁၅ရက်က ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** (က-ပ)

သဲအင်းဂူခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူ ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တ ဣန္ဒာဝံသနှင့် ဆရာတော် ဘဒ္ဒန္တ ဇဝနတိက္ခ(မုံရွာ) တို့က ဇန်နဝါရီ ၂၃ ရက်မှ ၃၀ရက်အထိ ခုနစ်ရက်တရားစခန်းဖွင့်လှစ်၍ သမထဝိပဿနာ တရားတော်များဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဇန်နဝါရီ ၂၂ ရက် (စနေနေ့)ညနေ ၅ နာရီအရောက် မှတ်ပုံတင်ကတ်ပြားနှင့်အတူ စာရင်းသွင်းနိုင်ကြပြီး အရဏ်ဆွမ်း နေ့ဆွမ်းများလှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ဇန်နဝါရီ ၂ ရက်က မြောက်ဥက္ကလာပမြို့နယ် အမှတ်(၇) အခြေခံပညာ အလယ်တန်းကျောင်းတွင် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှသိန်းက မြို့နယ်ဘက်စုံ ပထမဆုရ စတုတ္ထတန်းမှ မောင်အောင်ကျော်ထက်အား ဆုချီးမြှင့်စဉ်။ (က-ပ)

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၃/၂၀၀၄ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲ၊ ထူးချွန်သူ ဂုဏ်ပြုပွဲနှင့် မြို့နယ်ဖွံ့ဖြိုးရေး အလှူငွေ ပေးအပ်ပွဲတို့ကို ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း (ဗဟန်း ၃ လမ်းထိပ်)ရှိ စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မြို့နယ်အသင်းသူ၊ အသင်းသားများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ပွဲအတွက် အပူဇော်ခံမည့်အသက်(၇၅)နှစ်နှင့်အထက် အသင်းသူ အသင်းသားများ၊ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသူများနှင့် ဂုဏ်ထူးရရှိသူများသည် ဖေဖော်ဝါရီ ၂ ရက် နောက်ဆုံးထား၍ ဦးစိုးညွန့် (ဦးစီးနာယက) ဖုန်း-၂၂၄၅၈၀၊ ဦးကျော်ခိုင်(ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၀၊ ဦးမြင့်ကြည်(အတွင်းရေးမှူး) ဖုန်း-၂၂၁၀၁၇၊ ဦးစန်းအောင်(တွဲဖက်အတွင်းရေးမှူး) ဖုန်း-၆၆၄၆၀၇၊ ဦးကြိုင်မြင့် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၂၉၅၉၈၈၊ ဦးကျော်စိုး (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၀၀ ၁၄၂၆နှင့် ဒေါ်ဥ(အမှုဆောင်) ဖုန်း-၀၉၈၀ ၃၃၉ ၁၅တို့ထံ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် တက်ရောက်လာသူများကို ရွှေဘုံသာလမ်းနေ ဒေါ်ဥနှင့် မောင်နှမများက ကွမ်းခြံကုန်း ဆန်ခေါက်ဆွဲဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ICT Week 2005 တွင် ပြိုင်ပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်မြို့ ICT Park၌ ဇန်နဝါရီ ၂၁ရက်မှ ၂၇ရက်အထိ ကျင်းပမည့် Fourth Myanmar ICT Weekတွင်၁။ Programming (Intermediate/ Advanced)၂။ Web Development (Intermediate /Advanced)နှင့် ၃။ Network Game(Professional/Amateur)ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အမှတ်စဉ် ၁နှင့်၂ ပြိုင်ပွဲအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဖုန်း-၆၅၂၂၇၆သို့ ဇန်နဝါရီ၁၉ရက် နောက်ဆုံးထား၍ လည်းကောင်း၊ အမှတ်စဉ် ၃ ပြိုင်ပွဲအတွက် (Blastar, Net Zone, Xclaimz, Cyber Knight) Game Centreများသို့ ဆက်သွယ်၍ ဇန်နဝါရီ ၂၁ရက် ညနေ ၅နာရီနောက်ဆုံးထား၍ လည်းကောင်း စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

စတုတ္ထအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၅ (ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ)

ဇန်နဝါရီ ၂၁ ရက်၊ သောကြာနေ့

၀၈:၀၀	–	ဖွင့်ပွဲအခမ်းအနား
၁၀:၀၀–၁၇:၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၁၃:၀၀–၁၆:၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ ICT Competitions

ဇန်နဝါရီ ၂၂ ရက်၊ စနေနေ့

၀၉:၀၀–၁၇:၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉:၀၀–၁၂:၀၀	–	ICT Product Presentation
၀၉:၀၀–၁၇:၀၀	–	ICT Competitions
၁၃:၀၀–၁၆:၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်ဝါရီ ၂၃ ရက်၊ တနင်္ဂနွေနေ့

၀၉:၀၀–၁၇:၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉:၀၀–၁၂:၀၀	–	ICT Product Presentation
၀၉:၀၀–၁၇:၀၀	–	ICT Competitions
၁၃:၀၀–၁၆:၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၄ ရက်၊ တနင်္လာနေ့

၀၉:၀၀–၁၇:၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉:၀၀–၁၂:၀၀	–	ICT Product Presentation
၀၉:၀၀–၁၇:၀၀	–	ICT Competitions
၁၃:၀၀–၁၆:၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၅ ရက်၊ အင်္ဂါနေ့

၀၉:၀၀–၁၇:၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉:၀၀–၁၂:၀၀	–	ICT Product Presentation
၀၉:၀၀–၁၇:၀၀	–	Network Game ပြိုင်ပွဲ
၁၃:၀၀–၁၆:၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့

၀၉:၀၀–၁၇:၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉:၀၀–၁၂:၀၀	–	ICT Product Presentation
၀၉:၀၀–၁၇:၀၀	–	Network Game ပြိုင်ပွဲ
၁၃:၀၀–၁၆:၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့

၀၉:၀၀–၁၇:၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉:၀၀–၁၇:၀၀	–	Network Game နောက်ဆုံးပြိုင်ပွဲ
၁၃:၀၀–၁၆:၀၀	–	ICT Competitions ပြိုင်ပွဲများ ဆုချီးမြှင့်ခြင်း
	–	ကူညီပံ့ပိုးသူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်း
	–	အိုင်စီတီရက်သတ္တပတ်ပိတ်ပွဲအခမ်းအနား

(နည်းပညာပြခန်းများကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ပြသပါမည်)

MICT Park, တက္ကသိုလ်များ လှိုင်နယ်မြေ၊ ရန်ကုန်။

ဓမ္မဗျူဟာ ပါရမီကျင့်စဉ် သင်တန်းနှင့် ပရိတ်တော်ကျင့်စဉ် သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် အမှတ်(၆) ကြားတောရလမ်းရှိ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်းတွင် သင်တန်းမှူး ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (သဒ္ဓမ္မဇောတိက ဓဇ)က ဦးစီး၍ ပါရမီကျင့်စဉ် သင်တန်းနှင့် ပရိတ်တော်ကျင့်စဉ် သင်တန်းများကို ဓမ္မဒါနသင်ကြားမည်ဖြစ်သည်။

ပါရမီကျင့်စဉ်သင်တန်းကို ဇန်နဝါရီ ၂၂ရက်မှ ဖေဖော်ဝါရီ ၂၇ရက်ထိ (စနေ၊ တနင်္ဂနွေနေ့တိုင်း) နံနက် ၉ နာရီမှ ၁၁ နာရီအထိလည်းကောင်း၊ ပရိတ်တော်ကျင့်စဉ်သင်တန်းကို မွန်းလွဲ ၁၂ နာရီခွဲမှ ၂နာရီခွဲထိလည်းကောင်း ပို့ချမည်ဖြစ်သည်။

၎င်းပြင် အဘိဓမ္မာ သင်ယူပြီးသူများအတွက် သံယုတ်မြန်မာပြန် သင်တန်းများကို(စနေ၊တနင်္ဂနွေနေ့တိုင်း) နံနက် ၈နာရီမှ ၁၁ နာရီခွဲအထိ နိဒါနဝဂ္ဂ၊ ခန္ဓဝဂ္ဂ၊ သဠာယတနဝဂ္ဂ၊ မဟာဝဂ္ဂ သင်တန်းများကို ဆရာမ ဒေါ်နုနုခင်က ပို့ချမည်ဖြစ်ရာ တက်ရောက်လိုသော ဓမ္မမိတ်ဆွေများသည် ဖုန်း-၃၈၀၈၈၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံများမှ စွမ်းအင်နှင့်တွင်းထွက် လေ့လာရေးအဖွဲ့ဝင်များ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၁၆

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၏ ဖိတ်ကြားချက်အရ မြန်မာ–ဘင်္ဂလားဒေ့ရှ်–အိန္ဒိယ သုံးနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးများ တက်ရောက်ရန်နှင့် မြန်မာနိုင်ငံ၏ ကမ်းလွန်ဒေသ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းများကို လေ့လာရန်အတွက် ရန်ကုန်မြို့၌ ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်နှင့် တွင်းထွက်အရင်းအမြစ်ဝန်ကြီးဌာနဝန်ကြီး H. E. Mr. A.K.M. Mosharraf Hossain ခေါင်းဆောင်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်နှင့် တွင်းထွက်အရင်းအမြစ်ဝန်ကြီးဌာန ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၃ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အလားတူသုံးနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးများ တက်ရောက်ရန်နှင့် မြန်မာနိုင်ငံ၏ ကမ်းလွန်ဒေသ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းများကို လေ့လာရန်အတွက် ရန်ကုန်မြို့၌ ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Mani Shankar Aiyarနှင့်ဇနီး ခေါင်းဆောင်သော အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၅ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့်ဇနီး ဦးဆောင်သော စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ဓာတ်ပုံ)**

(သတင်းစဉ်)

ညောင်ရိပ်သာကျောင်း အဓိဋ္ဌာန်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၁၆

သာကေတမြို့(၁၀)တောင်ရပ်ကွက်၊ ၁၀၈တောင်ဘုရားကြီးအနီး ညောင်ရိပ်သာကျောင်းတရားစခန်းတွင် လယ်တီဆရာတော်ကြီး၏ ကာယာနုပဿနာနှင့် ဓာတုမနသိကာရနည်းအတိုင်း ပဓာနနာယက ဆရာတော် အရှင်ကေသရာဘိဝံသက ပြာသိုလပြည့် (ဇန်နဝါရီ ၂၄ရက်) တနင်္လာနေ့မှစ၍ ၇ရက် အဓိဋ္ဌာန် တရားစခန်းကို ဟောပြောပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူယောဂီများ ဖုန်း-၅၄၇၀၂၅သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

အထက(၁) မြောက်ဥက္ကလာပမြို့နယ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၅ရက်က မြောက်ဥက္ကလာပမြို့နယ်ခန်းမ၌ ပြုလုပ်ရာ ကန်တော့ခံ ဆရာ၊ ဆရာမများအား ကျောင်းသားဟောင်းတစ်ဦးက လက်ဆောင်ပစ္စည်းပေးအပ်စဉ်။ (က-ပ)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို တန့်ယန်းမြို့၌ ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော အမှတ်(၆)ရပ်ကွက် ဝိန်းလောင်းကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက်တွင် အဆိုပါလမ်းမုခ်ဦးရှေ့၌ ကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးခင်လတ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

—— ဖဲကြိုးဖြတ်ဖွင့်လှစ် ——

အဆိုပါ ဝိန်းလောင်းကတ္တရာလမ်းသစ်ကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်၊ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး သန့်ဇင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံရွှေအောင်နှင့် အမှတ်(၆)ရပ်ကွက် ပြည်သူများကိုယ်စား ဦးခွန်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

—— ဆောင်ရွက် ——

ယင်းကတ္တရာလမ်းသစ်မှာ အလျားပေ ၁၇၂၀၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေနှင့် ပြည်သူများထည့်ဝင်ငွေ စုစုပေါင်း ငွေကျပ် ၄၁၉၇၀၀၀ ကုန်ကျခံ ဆောင်ရွက်ခဲ့သည်။

(သတင်းစဉ်)

အလောင်းတော်ကဿပ ဆီမီး၊ ဆွမ်းကပ်လှူပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

ဖိုလ်ဝင်တောင်၊ ပုပ္ပားတောင်၊ ယင်းမာပင်မြို့နယ် စစ်ကိုင်းတိုင်း ဆရာတော်ဦးသုမန၊ အလောင်းတော်ကဿပ ဝန်ဆောင်အဖွဲ့က ဦးစီး၍ အလင်းဆီမီး ၉၀၀၀၊ ထမနဲဆွမ်းပွဲ ၉၀၀၀ကို မဟာမြိုင်တော အလောင်းတော်ကဿပ ရဟန္တာအရှင်မြတ်ကြီးအား ကပ်လှူပူဇော်ပွဲကို တပို့တွဲလပြည့်နေ့ နံနက်နှင့် ညတွင် ကျင်းပမည်။

ဆီမီး၉၀၀၀နှင့် ထမနဲဆွမ်းကပ်လှူပူဇော်ပွဲသို့ လိုက်ပါလိုသူများသည် ဆရာတော်ဦးသုမန၊ အလောင်းတော်ကဿပ ဝန်ဆောင်အဖွဲ့ ဖုန်း ၀၂-၆၇၇၄၂ ပုပ္ပားကျောင်း ယင်းမာပင်မြို့နယ် စစ်ကိုင်းတိုင်း ဖိုလ်ဝင်တောင်တော်သို့ ဖေဖော်ဝါရီ ၂၀ရက်အရောက် လာကြရမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့မှ လိုက်ပါလိုသူများသည် ဦးမောင်မောင်ဌေး ဖုန်း-၂၂၆၀၂၄၊ အမှတ်(၈၂၁) မဟာဗန္ဓုလလမ်း (၁၀)လမ်းထိပ် လမ်းမတော်မြို့နယ်သို့ ဖေဖော်ဝါရီ ၁၃ ရက်နောက်ဆုံးထား စာရင်းသွင်းနိုင်ကြောင်း နှိုးဆော်ထားသည်။ (၄၃)

သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏအားကစားကွင်းအတွင်း အဆောက်အအုံများ မီးဘေးလုံခြုံရေးနှင့် အရေးပေါ် မီးငြိမ်းသတ်ရေး ဆောင်ရွက်ထားရှိမှုကို ဇန်နဝါရီ ၁၃ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်သန်းဦးနှင့် အဖွဲ့ စစ်ဆေးရာ လူငယ်အားကစားလေ့ကျင့်ရေးစခန်း ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဆန်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးတို့က ရှင်းလင်းပြသစဉ်။ (၅၀၆)

ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်မြို့ ICT Park၌ ဇန်နဝါရီ ၂၁ရက်မှ ၂၇ရက်အထိ ကျင်းပမည့် Fourth Myanmar ICT Week 2005 တွင် ပြည်တွင်း၊ ပြည်ပကွန်ပျူတာ ပညာရှင်များ၏ ဟောပြောပွဲနှင့် အလုပ်ရုံ ဆွေးနွေးပွဲများကို နေ့စဉ် မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့တက်ရောက်နိုင်ပြီး အသေးစိတ်ကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

ပြည်မြို့ ဇေတိကာရုံပါဠိတက္ကသိုလ်သို့ နေ့စဉ် အရက်ဆွမ်းဟင်း ဆက်ကပ်လှူဒါန်း

ပြည် ဇန်နဝါရီ ၁၅

ရန်ကုန်မြို့ အမှတ်(၅၄) အင်းယားမြိုင်လမ်းနေ (ညွန့်ထရေးဒင်း အင်တာပရိုက်စ်)လုပ်ငန်းပိုင်ရှင် ဦးကျော်ညွန့်မိသားစုက ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်တွင် ပြည်မြို့ ဇေတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်ရှိ စာချ၊ စာသင် သံဃာတော် ၅၀၀ ကျော်တို့အား နေ့စဉ် အရက်ဆွမ်းဟင်း ဆက်ကပ်လှူဒါန်းရန် ဝတ္ထုငွေကျပ် ဆယ့်သုံးသိန်းငါးသောင်းကို **(ယာပုံ)** ဒုတိယအကြိမ် လှူဒါန်းရာယင်း လှူဒါန်းပွဲ၌ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ သူရဓဇ၊ သဒ္ဓမ္မဝံသပတိဋ္ဌာပက ဓမ္မာစရိယ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဒီဃဘာဏက ပရိယတ္တိ သာသနဟိတ ဒီဃနိကာယဘာဏက ပါဠိပါရဂူ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ တိုင်းသံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်က အနုမောဒနာ တရားဟောကြားတော်မူသည်။ (က-ပ)

မိုးကုတ် ဝိပဿနာ ခုနစ်ရက်တရားစခန်း

ခနေဖြူ ဇန်နဝါရီ ၁၄

ဧရာဝတီတိုင်း ခနေဖြူမြို့နယ် ကျုံတနီးအင်ကပ်ကလာကျေးရွာ သာသနာ့လင်းရောင်ခြည် ကျောင်းတိုက်၌ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းကို (၁၃၆၆ ခုနှစ် ပြာသိုလဆန်း ၁၅ ရက်မှ ပြာသိုလပြည့်ကျော် ၇ ရက်) ဇန်နဝါရီ ၂၄ ရက် မှ ၃၁ ရက်ထိ ရန်ကုန်မြို့ မြောက်ဥက္ကလာပ မိုးကုတ်ရိပ်သာ ပုပ္ပား(၃) ကျောင်းမှာ မိုးကုတ်နယ်လှည့် ဓမ္မကထိက ရှေဦးဆရာတော် အရှင် နန္ဒာသိရိ (ဓမ္မာစရိယ)က မိုးကုတ်ဆရာတော်၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စ သမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များဟောကြားမည်ဖြစ်သည်။ (က-ပ)

ပေါ်ဆန်းမွှေး ကတ္တရာလမ်းဖွင့်ပွဲ ကျင်းပ

ဘိုကလေး ဇန်နဝါရီ ၃

ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းသည့် ပေါ်ဆန်းမွှေး ကတ္တရာလမ်း ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ရက် နံနက် ၇ နာရီတွင် အဆိုပါ ပေါ်ဆန်းမွှေးလမ်းသစ်၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် လမ်းသူ၊ လမ်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က စည်ပင်နှင့် ပြည်သူများ ပူးပေါင်းပြီး ကတ္တရာလမ်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

အဆိုပါ ပေါ်ဆန်းမွှေး ကတ္တရာလမ်းသည် ပေအရှည် ၆၅၃ ပေ အကျယ် ၁၂ ပေ ဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေကျပ် ၂၃၆၀၀၀၀ တွင် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အဖွဲ့ ရန်ပုံငွေမှ ကျပ် ၁၁၈၅၀၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၁၆၅၀၀၀ ဖြင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ (နယ်စပ်စည်ပင်)

လွတ်လပ်ရေးနေ့ ပြပွဲ မြို့သစ်မြို့တွင် ကျင်းပ

တမူး ဇန်နဝါရီ ၁၀

တမူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် (၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြပွဲကို တမူးခရိုင် မြို့သစ်မြို့ ရုံးသစ်အဆောက်အအုံတွင် တမူးခရိုင်ရုံးနှင့် မြို့သစ်မြို့နယ်ရုံးတို့ ပူပေါင်း၍ ဇန်နဝါရီ ၄ ရက်က ကျင်းပသည်။ ပြပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ်မှ ဦးစီးအရာရှိ ဦးစိုးညွန့်၊ မြို့သစ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တမူးခရိုင်ရုံးနှင့် မြို့သစ်မြို့ရုံးတို့မှ ဝန်ထမ်းများ တက်ရောက်ကြသည်။ (မြို့နယ်ပြန်/ဆက်)

ကျေးလက်ရေပေးရေး စက်ရေတွင်းဖွင့်ပွဲနှင့် ကတ္တရာလမ်းဖွင့်

ကော့သောင်း ဇန်နဝါရီ ၁၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် ဇန်နဝါရီ ၁၁ ရက်က တနင်္သာရီတိုင်း ကော့သောင်းမြို့သို့ ရောက်ရှိပြီး ကျေးလက်ရေပေးရေး စက်ရေတွင်းဖွင့်ပွဲနှင့် မြို့ပြ ကတ္တရာလမ်းဖွင့်ပွဲများသို့ တက်ရောက်ခဲ့သည်။

တက်ရောက်

ရှေးဦးစွာ ဆယ်မိုင်ကျေးရွာလေးလက်မ စက်ရေတွင်း ဖွင့်ပွဲကို အခြေခံပညာအလယ်တန်းကျောင်းရှေ့တွင် ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ကော့သောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်ဇော်ဝင်း၊ ဗိုလ်မှူးကြီးမြင့်ထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ကျေးလက်ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် ကော့သောင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်စိုးတို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ စက်ရေတွင်းသည် လေးလက်မ စက်ရေတွင်းအမျိုးအစားဖြစ်ပြီး အနက် ၉၅ ပေ၊ ရေထွက်နှုန်း တစ်နာရီ ဂါလန် ၁၂၀၀ ထွက်ပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရန်ပုံငွေကျပ် ၁၃၄၇၆၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

စက်ရေတွင်း တူးဖော်ခဲ့ခြင်းကြောင့် ဆယ်မိုင်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ပြီဖြစ်သည်။

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် မြရည်ပုလဲလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ ရောက်ရှိရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် ဗိုလ်မှူးကြီးမြင့်ထွန်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (နယ်စပ်စည်ပင်)

ကြို့ပင်ကောက်ဆရာတော် တရားစခန်း

ကြို့ပင်ကောက် ဇန်နဝါရီ ၁၅

ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ ဇောဓိရိပ်သာ ကျောင်းတွင် ပဓာန နာယက ပြည်တွင်း၊ ပြည်ပ သာသနာပြု(အဂ္ဂမဟာပဏ္ဍိတ)ဘဒ္ဒန္တ သောနကဆရာတော်သည် ၁၃၆၆ခု ပြာသိုလဆန်း ၁၀ရက်မှစ၍ ပြာသိုလပြည့်ကျော် ၈ ရက်အထိ မိုးညိုမြို့နယ်အတွင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည် ဖြစ်ရာ ပြာသိုလဆန်း ၁၀ရက်နှင့် ၁၁ ရက်တွင် စွယ်တော်မြတ်၊ ပြာသိုလဆန်း ၁၁ ရက်နှင့် ၁၂ ရက်တွင် အောင်ဆုပန်၊ ပြာသိုလဆန်း၁၂ရက်နှင့် ၁၃ ရက်တွင် မဟာသုမင်္ဂလာသီဟကြေးသွန်းဘုရား၊ပြာသိုလဆန်း၁၃ရက်၊၁၄ ရက်တွင် သိမ်ကုန်းမဟာစည်သာသနာ့ရိပ်သာ၊ ပြာသိုလဆန်း ၁၄ ရက်နှင့် ပြာသိုလပြည့်နေ့တွင် ဓီးပင် (ဓမ္မပါလကျောင်း) တွင် တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲကျင်းပမည်

မအူပင် ဇန်နဝါရီ ၁၄

ရန်ကုန်မြို့ သုဝဏ္ဏသိင်္ဂီကျောင်းမှ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးနန္ဒောဘာသ (ဓမ္မာစရိယ)နှင့် နယ်လှည့်ဓမ္မကထိက ဆရာဦးဌေးဝင်း(မအူပင်မြို့)တို့သည် ဖေဖော်ဝါရီ ၂ရက်မှ၈ရက်အတွင်း မအူပင်မြို့နယ် တရုတ်လပ် သုံးမိုင် ဥပုသ်ကျောင်း၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၀ရက်မှ ၁၆ရက်တွင် ညောင်တုန်းမြို့နယ် ပါလှဲ့ကျေးရွာ၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၈ရက်မှ ၂၄ရက်အထိ မအူပင်မြို့နယ် ဝဲဒေါင့်ကျေးရွာ၌လည်းကောင်း၊ ဖေဖော်ဝါရီ ၂၆ရက်မှ မတ် ၄ရက်အထိကျိုက်လတ်မြို့နယ် တုံးလှဲအထနီကျေးရွာ တရားစခန်းပွဲများတွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးမြတ်တရားများကို ဟောပြောပြသမည်ဖြစ်သည်။

(က-ပ)

ကင်းလွတ်တွင်းနက်တူးဖော်

ဇလွန် ဒီဇင်ဘာ ၂၂

ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်သည် ဒီဇင်ဘာ၁၉ရက်က ဇော်ဂျီကွင်းကျေးရွာသို့ သွားရောက်ပြီး ယူနီဆက်ဖ် အကူအညီဖြင့် တူးဖော်လျက်ရှိသည့် အာဆင်းနစ်ကင်းလွတ် တွင်းနက်တူးဖော်ရေးလုပ်ငန်းများကို စစ်ဆေး၍ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ (မြို့နယ်စည်ပင်)

ကြေးမုံ The Mirror

မြို့နယ်သတင်းများ

ကွင်းဆင်းကြည့်ရှု

ဒီဇင်ဘာ ၂၃ ရက်က မုဒုံမြို့နယ် ကော့ခပုံ-မှိန်ဂနိမ်း ကျေးရွာချင်းဆက်လမ်း ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင် ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးနိုင်တို့ ရှင်းလင်းတင်ပြစဉ်။ (ပြည်နယ်စည်ပင်)

ကတ္တရာလမ်းသစ်ဖွင့်

သိန်းနီ ဇန်နဝါရီ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးသော တပင်ရွှေထီးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ကတ္တရာလမ်းသည် အရှည် ၅၆၃ ပေ၊ အကျယ် ၁၂ ပေရှိကြောင်း သိရသည်။ (နယ်စပ်စည်ပင်)

သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိရာ မြို့လူထုသောက်သုံးရေကန်ဖြစ်သည့် ၃၁ဗက ရေကန်အဝင်လမ်း ကွန်ကရစ်ရေပြွန်ပြုလုပ်ခြင်းကို ဒီဇင်ဘာ၄ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသန်းဌေးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်သီတာမြင့်တို့ အနီးကပ်ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပစေရေးအတွက် မြို့တွင်းလမ်းတာရဲ့ ခြင်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁ ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အရည်အသွေးမြင့်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းအောင် ပညာရေးကဏ္ဍကိုအခြေပြုဆောင်ရွက်နေ
အသိပညာရှင်အတတ်ပညာရှင်အမျိုးမျိုးတို့ နိုင်ငံတော်တည်ဆောက်ကာကွယ်ရေးကဏ္ဍတွင်လိုအပ်

နိုင်ငံနှင့်လူမျိုး၏အမျိုးသားရေးအကျိုးစီးပွားကို ဖော်ဆောင်မြှင့်တင်ပေးနိုင်မည့်
အသိပညာရှင် အတတ်ပညာရှင်များဖြစ်လာရန် အခြေခံပညာကဏ္ဍက စတင်ပျိုးထောင်

ရန်ကုန် ဇန်နဝါရီ ၁၆

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၂) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမဌာနကျောင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းဖွင့် အခမ်းအနားသို့ ဝန်ကြီးချုပ်ရုံး ဝန်ကြီးများဖြစ်ကြသော ဦးသန်းရွှေနှင့် ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးလှမြင့်ဦး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးနှင့် ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

မြန်မာနိုင်ငံ ပညာရေး ကော်မတီ ဥက္ကဋ္ဌကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပသည့် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

နိုင်ငံတော် တည်ဆောက်ကာကွယ်ရာတွင် ပဓာနကျသည့် အမျိုးသားရေးစွမ်းအားများ အသီးသီး ပြည့်ပြည့်ဝဝ ဖြစ်ထွန်းလာစေရအောင် စနစ်တကျ ဖြည့်ဆည်းပေးရေးသည် ပညာရေးကဏ္ဍက အလေးထား ကြိုးပမ်းဖော်ဆောင်ရမည့် အမျိုးသားရေးတာဝန်ပင်ဖြစ်သည်။

ခေါင်းကြီး (စာမျက်နှာ-၂)

ဒီကနေ့ တည်ဆဲတပ်မတော်အစိုးရလက်ထက်ကျမှသာ အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေးကို ဘယ်ခေတ်ဘယ်အခါနဲ့မှမတူအောင် ဆောင်ရွက်လာနိုင်ခဲ့တယ်။

အောင်မိုးစံ၏ ***"စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော် အမြန်ဖြစ်ပေါ်လာရေး တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ စုပေါင်းလုံ့လပြုကြိုးပမ်း"***

ဆောင်းပါး (စာမျက်နှာ-၆)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်ဆိပ်များနှင့် လှော်ကားဥယျာဉ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် အလုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း သစ်လုံးရောင်းဌာနစု(၃)သို့ လည်းကောင်း၊ အောင်ဇေယျသစ်ဆိပ်သို့ လည်းကောင်း၊ ပုဇွန်တောင်မြို့နယ်ရှိ စက်ဆန်းသစ်ဆိပ်သို့လည်းကောင်း ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြသကြသည်။

သစ်အချောထည်စက်ရုံ

ထို့မှတစ်ဆင့် မင်္ဂလာဒုံစက်မှုဇုန်ရှိ ရွှေခြင်္သေ့အင်တာနေရှင်နယ် ဟိုးဒင်းကုမ္ပဏီလီမိတက်၏ သစ်အချောထည်လုပ်ငန်းစက်ရုံသို့ ရောက်ရှိရာ တာဝန်ခံ ဦးတင်သိန်းက စက်ရုံ၏ လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် စက်ရုံအတွင်း ဥယျာဉ်သုံးပရိဘောဂများ ထုတ်လုပ်မှုအဆင့်ဆင့်နှင့် ထုတ်လုပ်ပြီး ပစ္စည်းများကိုလည်းကောင်း၊ ပြည်ပပို့ရန် ထုပ်ပိုးပြီးပစ္စည်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၃ ကော်လံ ၅ သို့** ▲

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် မင်္ဂလာဒုံမြို့နယ် လှော်ကားဥယျာဉ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တောရေးရာ)

ထူးခြားသည့် ညအပူချိန်များ

၁၆-၁-၂၀၀၅

ဟားခါး
၂ ဒီဂရီစင်တီဂရိတ်

နမ့်ဆန်၊ ပြင်ဦးလွင်နှင့် မိုးကုတ်
၃ ဒီဂရီစင်တီဂရိတ်

ရန်ကုန်
၁၃ ဒသမ ၂ ဒီဂရီစင်တီဂရိတ်